## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်


## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ မေ ၇ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်**
**(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်)**
**၂၀၂၅ ခုနှစ်၊ မေ ၆ ရက်**

၁။ မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂ ရက် မှ ၃၀ ရက် အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏ အိုးအိမ်နှင့်လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက် အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအားတိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကိုနှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန်နှင့် ထိုကဲ့သို့ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ


သတင်းစာမျက်နှာ – ၅ သို့




၂၀၂၅ ခုနှစ်၊ လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများလေ့ကျင့်သင်ကြားပေးစဉ်။

## ဆောင်းပါး

**The Second World War: Lessons to be Remembered**


စာ – ၂၂ သို့


**အမြဲအမှတ်ရနေရမယ့် ဒုတိယကမ္ဘာစစ်က ပေးသော သင်ခန်းစာများ**


စာ – ၂၃ သို့



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၇ ရက်)

# ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်ရေး

လူငယ်တိုင်းသည် အနာဂတ်နိုင်ငံတော်၏ ကျရာတာဝန်များကို ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြသည်။ ထိုသို့ထမ်းဆောင်ကြရာတွင် မိမိတို့၏အရည်အချင်းအလိုက် မိမိတို့နှင့်ထိုက်တန်သော အဆင့်အတန်းတွင်ရပ်တည်ကာ နိုင်ငံ့တာဝန်များကိုထမ်းဆောင်ကြရမည်ဖြစ်သည်။ ကျန်းမာရေး စောင့်ရှောက်မှုကိုဝါသနာပါသော ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးစောင့်ရှောက်မှု တွင် ဆရာဝန်၊ သူနာပြုနှင့် အခြားသောရာထူးအဆင့်အတန်းတွင်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံတော်ကာကွယ်ရေးတွင် စိတ်ပါဝင်စားကာ ငါ့နိုင်ငံတော်နှင့်ငါ့လူမျိုးအတွက်ကာကွယ် စောင့်ရှောက်မည်ဆိုပါက တပ်မတော်တွင် သတ်မှတ်ထားသည့်ရာထူးအဆင့်အတန်းအလိုက် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်လိုသူများက ဆရာ၊ ဆရာမ ဟူသောတည်ကြည်ခန့်ညားသည့်အလုပ်တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

ထိုသို့သောတာဝန်များ၊ ရာထူးများတွင်ထမ်းဆောင်နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူ များဖြတ်ကျော်ရမည့်စာမေးပွဲမှာ တက္ကသိုလ်ဝင်စာမေးပွဲဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် လမ်းဆုံနေရာတစ်ခုဖြစ်သည်။ မိမိတို့၏ကြိုးစားမှုရလဒ် ပေါ်မူတည်ကာ သက်ဆိုင်ရာတက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ရည်မှန်းချက်ကြီးမားစွာထားရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရည်မှန်းချက် ပန်းတိုင်သို့အောင်မြင်စွာရောက်ရှိရေးအတွက် ကြိုးစားမှုရှိနေရမည်ဖြစ်သည်။ ကြိုးစားမှုဟုဆိုရာတွင် အဓိကအားဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေးကောင်းမွန်နေရန်ကြိုးစား ကြရမည်။ ကျန်းမာရေးကောင်းမွန်နေမှသာ သင်ကြားပို့ချထားသည့်စာများကိုလေ့လာနိုင်မည်၊ ကျက်မှတ်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက် အချိန်ကိုအကျိုးရှိစွာအသုံးပြုကြရ မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မျှော်လင့်မထားသော မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သည်။ ငလျင်ကြောင့် လူသားတို့၏အသက်အိုးအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများပျက်စီးခဲ့သည်။ အဆိုပါပျက်စီးမှုများတွင် မန္တလေးတက္ကသိုလ် ရှိ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများမီးလောင်ဆုံးရှုံးသွားခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကိုပြန်လည်ကျင်းပပေးရန် သတ်မှတ်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၁၆ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲစတင်ဖြေဆိုရန် အချိန်ဇယားကို ကြေညာပေးထားသည်။

တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန်သတ်မှတ်ပေးခြင်းမှာ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်အတွက် ဦးစားပေးစဉ်းစားဆုံးဖြတ်ခြင်းဖြစ်သည်။ လတ်တလောဖြစ်ပေါ်နေသည့်စိတ် ခံစားချက်အရ စာမေးပွဲပြန်လည်ကျင်းပခြင်းမပြုဘဲထားခဲ့သော် နစ်နာမည့်သူများမှာ အဆိုပါ ကျောင်းသား၊ ကျောင်းသူများသာဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်များသည် ကျောင်းသား၊ ကျောင်းသူတို့၏ဘဝတစ်သက်တာအတွက် မရှိမဖြစ်သောအရာဖြစ်သည်။ မိမိတို့ရည်မှန်းချက်မြင့်မား စွာထားရှိသော တက္ကသိုလ်သို့တက်ရောက်ရန်အတွက် သတ်မှတ်အရည်အချင်းရမှတ်များမှာလိုအပ် ချက်တစ်ခုဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူတို့၏ ဂုဏ်သိက္ခာနှင့် မျှတမှုရှိစေရန် တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုရခြင်းဖြစ်သည်။ ဤသည်ကို ကျောင်းသား၊ ကျောင်းသူများနားလည်ကြ ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက် အလွန်ကောင်းမွန်သောအစီအမံများဆောင်ရွက်ပေးထားသည်။ ဧပြီလ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့်ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်ပို့ချပေးလျက် ရှိသည့်အပြင် နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စခန်းသွင်းလေ့ကျင့် ပေးရာတွင် စာမေးပွဲကိုစိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရန်အတွက် နေ့စဉ်စားသောက်ရေးတွင် နံနက်စာ၊ နေ့လယ်စာနှင့် ညစာများကို နိုင်ငံတော်မှအခမဲ့ကျွေးမွေးထားသည်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာမှအစ အသေးစိတ် ဖြည့်ဆည်းပေးထားသည်။ ကျန်းမာရေးအတွက် ဆေးဝါးများကိုလည်း အလုံအလောက်ထားရှိ သည်။ စာသင်ချိန်အနေဖြင့် ဘာသာရပ်အလိုက် တစ်နေ့ကို ခြောက်ဘာသာ၊ တစ်ဘာသာကိုတစ်နာရီ နှုန်းနှင့် ပြန်လည်သင်ကြားပေးလျက်ရှိသည်။ ညဘက်တွင် သင်ခန်းစာများကို Revision သဘောမျိုး ပြန်လည်ဆောင်ရွက်ပေးသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနမှ စာအုပ်စာတမ်းနှင့်စာရေးကိရိယာ များကို အခမဲ့ပေးထားသည်။ နိုင်ငံတော်အနေဖြင့် လိုအပ်ချက်မရှိအောင်ဖြည့်ဆည်းပေးထားပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရည်မှန်းချက်အတိုင်းအောင်မြင်ပေါက်မြောက်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသား ဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂ တစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ရွှေဘိုမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ ဧက ၄၆၄၀ ရိတ်သိမ်းပြီးစီး

**ရွှေဘို မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံဧက ၄၆၄၀ အထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ရိတ်သိမ်းလျက်ရှိရာ မေလ ၆ ရက်အထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၄ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းစသည်တို့ကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧရိယာအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ်စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်းစိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၅-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း
























၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN–600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် –

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် –

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | – | – |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် –

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သို့သော် ကျွန်ုပ်က မသိသော်လည်း ရွာများမှ သစ်အလုပ်သမားများသည် ကျွန်ုပ်အား ဝန်ထောက်ဦးဝင့်မော်၏သူငယ်ချင်း အင်္ဂလိပ်ကျောင်းဆရာဟူ၍သိကြ၏။ 'ရွှေဥဒေါင်း'ဟူ၍ကား မသိကြသေးပါ။ လမ်းတွင် တစ်ညအိပ်၍ နောက်တစ်နေ့နံနက်ပိုင်းတွင် ကိုသိန်းဖေရှိနေသောရွာသို့ ဆိုက်ရောက်သွား၏။ သူတည်းခိုနေသော သစ်ကုန်သည်၏အိမ်သို့ရောက်သောအခါ ကိုသိန်းဖေမရှိသေး၊ ရေချိုးသွားသည်ဟု ပြောသည်နှင့် ကျွန်ုပ်သည် အိမ်ပေါ်သို့မတက်ဘဲ ရေဆိပ်သို့လိုက်သွားရာ ရေချိုးနေသော ကိုသိန်းဖေကို ကျွန်ုပ်က မြင်ရ၍ သူက မမြင်သေးချေ။ ကျွန်ုပ်သည် ကမ်းပါးကြီးကွယ်ကာ အနီးသို့လျှောက်သွား၍ ချဉ်းကပ်သောအခါတွင်မှ မြစ်ရိုးပေါ်သို့တက်ကာ ဘွားခနဲပြလိုက်ရာ ကိုသိန်းဖေ၏မျက်နှာထားဖြစ်သွားလိုက်ပုံမှာ ယနေ့တိုင် ကျွန်ုပ်မျက်စိထဲတွင် မြင်မိပါသေးသည်။

### ဝမ်းသာကြပုံ

သူ၏မျက်နှာ၌ ဤမျှလောက် ခေါင်ခေါင်ခန်းခန်း ခရီးကွာလှမ်းသောအရပ်သို့ ကျွန်ုပ်လိုက်လာလိမ့်မည်မထင်သောကြောင့် ကျွန်ုပ်နှင့်တူသော လူတစ်ယောက်အနေဖြင့် ငေးကြည့်ခြင်း၊ ထို့နောက်မှ ကျွန်ုပ်ပါတကားဟုမှတ်မိ၍ ဝမ်းသာခြင်း၊ လာမှလာပလေဟု အံ့ဩခြင်း၊ ထပ်လောင်း၍ ဝမ်းသာခြင်း၊ အားရခြင်း၊ ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်း စသော အခြင်းအရာများသည် သူ့ထက်ငါ တစ်လှည့်စီလည်းကောင်း၊ အလုအယက်လည်းကောင်း ထင်ရှားစွာဖော်ပြလျက်ရှိခြင်းကို ကျွန်ုပ်တွေ့ရသည်။ နောက်ဆုံးတွင်မှ ကိုသိန်းဖေသည် ရေစိုကြီးနှင့် ပြေးတက်လာ၍ (ဗိုလ်ခပ်ဆန်ဆန်လူတစ်ယောက်ဖြစ်သည့်အတိုင်း) ကျွန်ုပ်အားပွေ့ဖက်လေရာ ဗိုလ်မဆန်သော ကျွန်ုပ်ကမူ ကျွန်ုပ်၏အဝတ်များ စိုရွှဲမည်ကိုစိုးသည်နှင့် ခပ်ကာကာလုပ်နေမိပါသေးသည်။ ထို့နောက် ကျွန်ုပ်ပါ ရေဆင်းချိုး၍ လူငယ်လေးများသဖွယ် ရေကူးပြိုင်ခြင်း၊ ရေနှင့်ပက်ကစားခြင်း စသည်ဖြင့် အားရအောင်ဆော့ကြပြီးမှ တက်လာကြ၏။

ကိုသိန်းဖေသည် အိမ်ရှင်သစ်ကုန်သည်အား ဟင်းကောင်းများအထူးတလည်ရှာဖွေချက်ပြုတ်ရန် မှာထား၍ ခရီးထွက်သောအခါ၌ အမြဲပါသော ဘရန်ဒီပုလင်းဖြင့် နံနက်စာစားသောက်ကြရာ အမြိန်ရှက်ဆုံးသော နံနက်စာတစ်နပ်အနေဖြင့် နှစ်ယောက်စလုံး မှတ်တမ်းတင်မိကြပါသည်။ (ကိုသိန်းဖေသည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း နံနက်ခင်းတွင် သောက်ရိုးထုံးစံမရှိသော်လည်း ထိုနေ့မှာမူ သူကလည်း အလုပ်နားမည်၊ ကျွန်ုပ်ကလည်း ခရီးပန်းသဖြင့် တစ်ရေးအိပ်မည်ဆိုကာ ဗိုက်ကားအောင်စားဖို့ မြိန်ဆေးသောက်ကြခြင်းဖြစ်ပါသည်။) ထိုည၌ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့ စကားပြောလိုက်ကြပုံမှာ ထိုရွာ၌ ပြောစမှတ်ဖြစ်ကျန်ရစ်သည်ဟု ကြားသိရလေသည်။ ယင်းရွာသားများမှာ တစ်ညလုံး မအိပ်တမ်းစကားပြောသော သူငယ်ချင်းနှစ်ယောက်ဟူ၍ ကြုံဖူးကြဟန်မတူပေ။ 'သမီးရည်းစားလည်းမဟုတ်ဗျာ၊ ယောကျ်ားအချင်းချင်း ဒီလောက်တောင်ပြောနိုင်တာများ အံ့ဩပါရဲ့'ဟု ပြောရစ်ကြသည်ဆို၏။

### ခေါင်လှသော ဗိုလ်တဲ

များမကြာမီ ကိုသိန်းဖေသည် သပိတ်ကျင်းသို့ တောအုပ်ကြီးအဖြစ်နှင့် ပြောင်းရွှေ့သွားလေရာ ကျွန်ုပ်လည်း မြတောင်နှင့် သပိတ်ကျင်းကို ခေါက်တုံ့ခေါက်ပြန်ကူးခဲ့သည်။ ဤနေရာတွင် တစ္ဆေခြောက်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်ပြောင်းလဲပြန်ခြင်းကိုလည်းကောင်း၊ တစ္ဆေခြောက်ခြင်းကို ပထမအကြိမ်ကြုံခဲ့ရဖူးခြင်းကိုလည်းကောင်း ဗဟုသုတအလို့ငှာ ဖော်ပြရပါဦးမည်။ ကိုသိန်းဖေနှင့်ဇနီး ဒေါ်ဖူးညိုတို့သည် တောအုပ်ကြီး၏အလုပ်ကိုလက်ခံရန် သပိတ်ကျင်းသို့ ပြောင်းရွှေ့သွားသောအခါ ကျွန်ုပ်လည်း အတူလိုက်ပါသွား၏။ သပိတ်ကျင်းမြို့၌ တောအုပ်ကိုဘသင်း လုပ်ကိုင်လျက်ရှိရာ ကိုသိန်းဖေက ကိုဘသင်းလက်မှ အလုပ်လွှဲပြောင်းယူရမည်ဖြစ်၍ ကိုဘသင်းသည် ကိုသိန်းဖေအား သပိတ်ကျင်းသစ်တောနယ်ကို အတူတကွလှည့်လည်ပြသရန်ဖြစ်သဖြင့် ကျွန်ုပ်လည်း ၎င်းတို့နှစ်ယောက်နှင့်အတူ လိုက်ကြည့်ရန်ဖြစ်လေသည်။ (ကိုဘသင်းမှာ သစ်တောဝန်ထောက်အဖြစ်နှင့် ပင်စင်ယူပြီးနောက် မန္တလေးပိုက်ကျိုးရပ်၌ နေထိုင်လျက်ရှိစဉ် ၁၉၄၉ ခုနှစ်တွင် မန္တလေးသို့ သောင်းကျန်းသူများဝင်သဖြင့် ပေါင်တွင် သေနတ်ထိမှန် သေဆုံးသွားရှာသည်။ တိုင်းမင်းဦးချစ်ဆွေလည်း တစ်နေ့တည်းပင် မော်တာထိမှန်၍ အနိစ္စရောက်ရှာသည်။) ကျွန်ုပ်နှင့် တောအုပ်နှစ်ယောက်တို့သည် တပည့်တောခေါင်းများနှင့်အတူ လှည်းဖြင့်သပိတ်ကျင်းဝါးဖြူတောင်သို့ ထွက်လာခဲ့ကြရာ လူအားလုံး ခြေကျင်လျှောက်ကြ၍ လှည်းပေါ်တွင်ပစ္စည်းများလောက်သာ တင်လာကြ၏။ ဝါးဖြူတောင်၌ တစ်ညအိပ်၍ နောက်တစ်နေ့တွင် သပိတ်ကျင်း မိုးကုတ်ကားလမ်းကြီးမှ တောင်ဘက်သို့ ဖဲ့ထွက်လာကြ၏။ တစ်နေ့လုံး နယ်နိမိတ်၏လမ်းကြောင်းကို (မြေပုံအတိုင်း) ကိုဘသင်းက ကိုသိန်းဖေအား ပြသ၍ ညနေခင်းတွင် ရွာနှင့် သုံးဖာလုံခန့်ဝေးသော သစ်တောဗိုလ်တဲကလေးသို့ ဆိုက်ရောက်ကြ၏။

ယင်းဗိုလ်တဲမှာ ဝန်ထောက်ကိုဝင့်မော်နှင့် ကျွန်ုပ်တည်းခိုကြဖူးသည့် ပေါက်နက်ဗိုလ်တဲနှင့် တစ်ရွယ်တည်း၊ တစ်ပုံစံတည်းရှိ၍ နှစ်မျက်နှာ၌ အကာအရံမရှိချေ။ ဗိုလ်တဲနှင့် သုံးဖာလုံခန့်ဝေးသည့် (အမည်ကို ကျွန်ုပ်မမှတ်မိသော) ရွာ၏အကြားတွင် သင်္ချိုင်းရှိလေသည်။ ကျွန်ုပ်တို့သည် နေဝင်ရီတရောအချိန်တွင် ဗိုလ်တဲသို့ဆိုက်ရောက်ကြ၍ တောခေါင်းများနှင့် တပည့်များလည်း ညစာချက်ပြုတ်ကြ၏။ တောခေါင်းများသည် ဗိုလ်တဲများ၌ တည်းခို၍ ချက်ပြုတ်ကြသည့်အခါ အနီးရှိရွာသို့ ကူးသန်းသွားလာခြင်း၊ ကြက်ကလေး၊ ငှက်ကလေးရှာဖွေဝယ်ယူခြင်း၊ ရွာမှလူငယ်ကာလသားများလည်း နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့် ဗိုလ်တဲသို့ အပျင်းပြေလာရောက်ကြည့်ရှုခြင်း စသည်ဖြင့် အဆက်မပြတ်ခြင်းကို ကျွန်ုပ်မြင်ရဖူးသော်လည်း ဤဗိုလ်တဲ၌မူ တောခေါင်းများက ရွာသို့ကူးခြင်းကိုလည်းကောင်း၊ ရွာသားများ လာ၍လည်ခြင်းကိုလည်းကောင်း ကျွန်ုပ်မတွေ့ရချေ။

### ကျွန်ုပ်၏စိတ်ပြောင်းလဲပုံ

ခုနစ်နာရီခွဲလောက်တွင် ချက်ပြုတ်ပြီးစီး၍ တပည့်များက ညစာတည်ခင်းကြရာ အစားသမားတစ်ယောက်ဖြစ်သော ကျွန်ုပ်သည်

**"ကျွန်ုပ်နှင့် တောအုပ်နှစ်ယောက်တို့သည် တပည့်တောခေါင်းများနှင့်အတူ လှည်းဖြင့် သပိတ်ကျင်းဝါးဖြူတောင်သို့ ထွက်လာခဲ့ကြရာ လူအားလုံး ခြေကျင်လျှောက်ကြ၍ လှည်းပေါ်တွင် ပစ္စည်းများလောက်သာ တင်လာကြ၏။ ဝါးဖြူတောင်၌ တစ်ညအိပ်၍ နောက်တစ်နေ့တွင် သပိတ်ကျင်း မိုးကုတ်ကားလမ်းကြီးမှ တောင်ဘက်သို့ ဖဲ့ထွက်လာကြ၏။ တစ်နေ့လုံး နယ်နိမိတ်၏လမ်းကြောင်းကို( မြေပုံအတိုင်း )ကိုဘသင်းက ကိုသိန်းဖေအား ပြသ၍ ညနေခင်းတွင် ရွာနှင့်သုံးဖာလုံခန့်ဝေးသောသစ်တောဗိုလ်တဲကလေးသို့ ဆိုက်ရောက်ကြ၏. . . "**

ထမင်းပွဲကို မစုံစမ်းဘဲမနေနိုင်သဖြင့် ထ၍ကြည့်မိ၏။ ဟင်းများမှာ ငါးသေတ္တာသုပ်၊ ကြက်သားပြုတ်ကြော်၊ ငါးပိကြော်တို့ဖြစ်၍ ဟင်းရည်မပါကြောင်း ကျွန်ုပ်ကပြောမိရာ တောခေါင်းများသည် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးလျက် 'တစ်နပ်တလေတော့ တော်သလိုပဲ ကြိတ်ပေတော့ဆရာ' ဟု ပြော၏။ သူတို့ပြုံးခြင်းမှာ ကျွန်ုပ် အစားဝါသနာပါခြင်းအတွက်ကြောင့်ဟုထင်မိရာ ဤနေရာ၌ သားစိမ်းငါးစိမ်းမချက်ပြုတ်ချင်ကြသောကြောင့်ဟူ၍ နောင်မှ ကျွန်ုပ်သိရသည်။ ဟင်းရည်မပါသော်လည်း တောအရက်ကို ဟင်းချိုပြု၍ သောက်ကြရသည်တွင် ခရီးပန်းလာသောလူစုဖြစ်သည့်အတိုင်း အတော်မြိန်သော ထမင်းတစ်နပ်ဟူ၍ အမှတ်ပြုမိပါသည်။ စားသောက်ပြီးကြသောအခါ တောအုပ်နှစ်ယောက်နှင့် ကျွန်ုပ်သည် ခပ်ထွေထွေကလေးနှင့် ထွေရာလေးပါးစကားများကို ဆေးလိပ်တဖွာဖွာနှင့် ပြောနေကြ၏။ ရွာဘက်၌မူကား လုံးလုံးကြီးတိတ်ဆိတ်လျက်ရှိခြင်းကို ကျွန်ုပ် သတိပြုမိသေး၏။ ကိုးနာရီထိုးခန့်တွင် တောအုပ်ကိုဘသင်းက ကိုသိန်းဖေအား ဤဇရပ်အကြောင်းကိုပြောခဲ့ဖို့ သူ့၌ ဝတ္တရားရှိသည်ဟု ပလ္လင်ခံပြီးလျှင် 'တစ္ဆေကြောက်တတ်ကြသလား' ဟု မေးရာ ကိုသိန်းဖေက 'သူလိုငါလိုပေါ့ဗျာ၊ ဘာကြောင့်လဲ'ဟု ပြန်မေး၏။

သင်း။ 'ခုတော့ လူများလို့ ကိစ္စမရှိပါဘူး၊ နောင်ကိုတော့ ကြောက်တတ်ရင် ဒီမှာလာမတည်းနဲ့ဗျ'

နုပ်။ 'ဘယ်လိုကြောင့်လဲဗျ၊ ကျုပ်က သိချင်လာပြီဗျို့၊ ပြောစမ်းဗျာ'

သင်း။ 'ဟောဟိုက ထုပ်ကိုမြင်ကြသလား' ကျွန်ုပ်တို့ မော့၍ကြည့်ကြသည်။

ဖေ။ 'ဘာဖြစ်သလဲဗျ'

သင်း။ 'ကျုပ်အရင်က တောအုပ်ဟာ ဒီဇရပ်ပေါ်မှာ လန့်ဖျားပြီး သေသွားရှာတယ်ဗျ'

**ဆက်လက်ဖော်ပြပါမည်။**

---

## အောင်ပန်းမြို့၌ စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲကျင်းပ



ကလော မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင် ကလောမြို့နယ် အောင်ပန်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၌ မေလ ၅ ရက်က စက်မှုလက်မှုပညာ သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အောင်ပန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ခေတ္တကျောင်းအုပ် ဦးမင်းဗညားချမ်းတိန်က သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သင်တန်းအတွက် ပံ့ပိုးငွေများပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းကျောင်း၌ စက်မှုလက်မှုအခြေခံသင်တန်းတွင် လျှပ်စစ်သင်တန်း၊ ဂဟေဆက်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတို့ကို သင်တန်းသား ၃၀ ဦးအားလည်းကောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွင် အစားအစာနှင့်အဖျော်ယမကာသင်တန်းနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းတို့ကို သင်တန်းသူ ၂၀ ဦးအားလည်းကောင်း သင်တန်းကာလ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများဆွေးနွေး



နေပြည်တော်  မေ  ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူး (UNRC/HC a.i.) ဖြစ်သူ Mr. Marcoluigi Corsi နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အင်အားပြင်း မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော်  မေ  ၆

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေး ဘာသာရပ်၌ပါဝင်သည့် သင်ခန်းစာများအား သင်ကြားခြင်း၊ လေ့လော့ခြင်းနှင့် ရွက်တိုက်ခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ **ကိုကိုးကျွန်းမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ **ဟိုင်းကြီးကျွန်းမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ်၊ **မော်လမြိုင်မြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီး **ကျွန်းစုမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှသင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ကရင်ပြည်နယ်၊ **ဘားအံမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၄၀ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီး၌ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း (၁၁) ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၈၀၀) ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



၂၀၂၅ ခုနှစ် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ **မိတ္ထီလာမြို့**ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၄၈ ဦး၊ **ရန်ကုန်မြို့**ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ **တောင်ကြီးမြို့**ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦး၊ **မကွေးမြို့**ရှိ မကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ **ကျိုင်းတုံမြို့**ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၂ ဦးနှင့် **မှော်ဘီမြို့**ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးအား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)





၂၀၂၅ ခုနှစ် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။

# သဃ်န်းကျွန်းခရိုင် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ




ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော နွေရာသီယဉ်ကျေးလိမ္မာသင်တန်း (၆/၂၀၂၅) သင်တန်းဆင်းပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် (သဃ်န်းကျွန်း) လူထုအခြေပြုဗဟိုဌာန၌ မေလ ၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဒေါ်သိင်္ဂီဝင်းက ယခုသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်ပါဝင်စားစွာသင်ယူခဲ့သည့်အတွက် ပီတိဖြစ်ရကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က သင်တန်းနည်းပြများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

ချမ်းမြေ့

# ညောင်တုန်းမြို့နယ်၌ ပီလောပီနံများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ညောင်တုန်း မေ ၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်ပီလောပီနံများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူသူဝင်း၏ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ဧပြီလနောက်ဆုံးပတ်မှစ၍ ဒေသထွက်ပီလောပီနံများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် ပီလောပီနံများပေါ်ချိန်ဖြစ်သဖြင့် တောင်သူများ ဈေးကောင်းရနေကြောင်း သိရသည်။

"ပီလောပီနံတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ပီလောပီနံ အမျိုးအစားနှစ်မျိုးစလုံးကို စိုက်ပျိုးကြပါတယ်။ လက်ရှိ တောင်သူတွေစိုက်ထားတဲ့ပီလောပီနံတွေ စတင်ထွက်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရတယ်။ ဒီနှစ် ပီလောပီနံဈေးကောင်းရတာက မနှစ်ကထက် စိုက်ပျိုးသူနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေတာပါ" ဟု ဒေါ်သူသူဝင်းကပြောသည်။

ညောင်တုန်းမြို့နယ်၌ ဒေသခံတောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံအပါအဝင် တခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် ပီလောပီနံတစ်ဧကမှ ငါးဧကအထိစိုက်ပျိုးကြပြီး ပီလောပီနံများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုရှိလာကာ ဒေသဈေးကွက်အတွင်း ပီလောပီနံဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက အကျိုးများစွာရရှိနိုင်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

## မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


မလှိုင် မေ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို မေလ ၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေ ငွေကျပ်သိန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)




# မော်ဘီမြို့နယ်လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်



ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မေလ ၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်လူရွယ်များဖြစ်လာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေမည့် သင်တန်းများကို တက်ရောက်ရန်လိုအပ်ကြောင်း၊ ကျောင်းပိတ်ချိန်တွင် အခြေခံပန်းချီသင်တန်းများအပြင် တခြားသောအတတ်ပညာသင်တန်းများလည်း တက်ရောက်ရန်လိုအပ်ကြောင်းနှင့် သင်တန်းများမှရရှိသောအတွေ့အကြုံများကို လိုအပ်သည့်အချိန်တွင် စနစ်တကျအသုံးချကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပန်းချီရေးဆွဲနည်းသင်ကြားရာတွင် သင်တန်းဆရာအဖြစ် ပန်းချီဆရာဦးအေးလွင်က အခြေခံပန်းချီရေးဆွဲခြင်းနှင့်ပတ်သက်၍ ပန်းချီရေးဆွဲနည်းသင်ခန်းစာများ၊ ဆေးအရောင်စပ်သောသင်ခန်းစာများ သင်ကြားပေးရာ အခြေခံပညာအလယ်တန်းအဆင့်ရှိ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးနှင့် အခြေခံပညာမူလတန်းအဆင့်ရှိ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

ဝင်းဇော်(ပြန်/ဆက်)

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်း

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေလ ၆ ရက်အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေလ ၅ ရက် ညနေ ၅ နာရီမှ မေလ ၆ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘရာဇီးနိုင်ငံကထောက်ပံ့သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့်အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၅ ဒသမ ၈၂ တန်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ Mrs. Grand International 2022 ဦးဆောင်သောပရဟိတအဖွဲ့ကထောက်ပံ့သည့် ငါးသေတ္တာ၊ နွားနို့၊ ခြင်ထောင်များ စုစုပေါင်း သုည ဒသမ ၅ တန်နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဟန္နိုင်းမြို့ရှိ ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံသံရုံးကထောက်ပံ့သည့် ဆားဖျော်ရည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးစသည့်ကတ္တူပုံး သုည ဒသမ ၂၆ တန် ရောက်ရှိခဲ့သည်။ အလားတူ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MIP)သို့လည်း ဗီယက်နမ်နိုင်ငံကထောက်ပံ့သော နွားနို့ ၁၄ တန် ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ကောင်စီနယ်မြေအတွင်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားရေးစခန်း(Camp) ၅၁ ခု ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၆

**မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားခဲ့သဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန်လ ၁၆ ရက်တွင် ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားရေးစခန်း(Camp) ၅၁ ခုဖွင့်လှစ်ထားရှိပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။**



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိလေ့ကျင့်သင်ကြားရေးစခန်း (Camp)များမှာ ဥတ္တရသီရိမြို့နယ် ခြောက်ခု၊ တပ်ကုန်းမြို့နယ် ခြောက်ခု၊ ဇေယျာသီရိမြို့နယ် ကိုးခု၊ ပုဗ္ဗသီရိမြို့နယ် ၁၂ ခု၊ ပျဉ်းမနားမြို့နယ် သုံးခု၊ ဇမ္ဗူသီရိမြို့နယ် သုံးခု၊ လယ်ဝေးမြို့နယ် ၁၀ ခုနှင့် ဒက္ခိဏသီရိမြို့နယ် နှစ်ခု စုစုပေါင်းလေ့ကျင့်သင်ကြားရေးစခန်း(Camp) ၅၁ ခုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါကျောင်းများ၌ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားပြန်လည်မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများပြန်လည်သင်ကြားနေသည့် ကျောင်းသား မောင်ခန့်လင်းဦးက "သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့တဲ့ငလျင်ဒဏ်ကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးခဲ့သည့်အတွက် အခု ကျွန်တော်တို့ စာမေးပွဲကိုပြန်လည်ဖြေဆိုရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့စာမေးပွဲတုန်းက ကိုယ်လိုချင်တဲ့ရမှတ်တွေကို ထင်သလောက် စိတ်တိုင်းကျမဖြေဆိုနိုင်ခဲ့ဘူး။ အခုလိုပြန်လည်ဖြေကြားရမယ်ဆိုတော့ နောက်ထပ်အခွင့်အရေးကောင်းတစ်ခုရရှိလို့ အကောင်းဆုံးဖြစ်အောင် ပြန်လည်ကြိုးစားသွားမှာပါ။ အခုလို Camp သွင်းပြီး လေ့ကျင့်သင်ကြားပေးလို့ အကျိုးကျေးဇူးတွေ အများကြီးရရှိပါတယ်။ မနက်ဆိုရင် ၅ နာရီမှာ အိပ်ရာထရပါတယ်။ ရေချိုးပြီးတော့ ၆ နာရီမှစပြီး စာလုပ်ရပါတယ်။ ညဘက်မှာလည်း ည ၁၁ နာရီအထိ စာကျက်ရပါတယ်။ အိပ်စရာနေရာ၊ ရေမိုးချိုးတာကအစ စီစဉ်ပေးထားပါတယ်၊ စားသောက်ရေးပိုင်းမှာလည်း မနက်၊ နေ့လယ်၊ ညစာကျွေးပါတယ်။ အခုလို ပြည့်ပြည့်စုံစုံနဲ့ ဂရုတစိုက်စီစဉ်ပေးတဲ့အတွက်ကြောင့် အစစအရာရာအားလုံး အဆင်ပြေပါတယ်။ အခုလိုမျိုး စီစဉ်ဆောင်ရွက်ပေးထားတဲ့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲများနဲ့ ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်" ဟုပြောသည်။

ကျောင်းသူ မသင်္ဂီကျော်က "အခု ကျွန်မတို့ကို အစိုးရကစီစဉ်ပေးထားတဲ့ Camp မှာ စခန်းသွင်းလေ့ကျင့်သင်ယူဖို့အတွက် မိဘတွေက စာရင်းသွင်းပြီး လာရောက်တာဖြစ်ပါတယ်။ ပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာ အခွင့်အရေးရတယ်လို့ မြင်ပါတယ်။ ဆရာ၊ ဆရာမများက အစားအသောက်၊ နေရေးထိုင်ရေး အိပ်ရာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို စည်းစနစ်တကျနဲ့ အဆင်ပြေချောမွေ့အောင်လို့ စီစဉ်ပေးထားပါတယ်။ ကျွန်မအနေနဲ့ ပြီးခဲ့တဲ့စာမေးပွဲမှာ အားနည်းခဲ့တဲ့ဘာသာရပ်တွေကို Camp မှာ သင်ကြားပို့ချနေသော ဆရာ၊ ဆရာမတွေရဲ့ ညွှန်ကြားချက်များအတိုင်း ပြန်လည်သင်ယူပြီးကြိုးစားသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။



ဒေါ်နန်းနွမ်းခမ်း



မောင်ခန့်လင်းဦး



မသင်္ဂီကျော်

ယင်းသို့ သင်ကြားပို့ချပေးလျက်ရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်းခမ်းက "ကျွန်မတို့ကျောင်းမှာ ကျောင်းတွင်းဖြေဆိုသူ ၃၂၀ ဦးရှိပါတယ်။ ပြင်ပဖြေဆိုသူ ၁၃၁ ဦးရှိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ ကလေးတွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေစီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင် အသေးစိတ်စီစဉ်ပေးထားပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ နေ့စဉ် Medical Cover အနေနဲ့လည်း ထားရှိပါတယ်။ Camp ကို ကလေးတွေ စာမေးပွဲဖြေဆိုပြီးတဲ့အထိ ဆက်လက် ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် တစ်နေ့ကို ခြောက်ဘာသာ၊ တစ်ဘာသာကို ၁ နာရီနှုန်းနဲ့ ပြန်လည်ပြီး သင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုး ပြန်လည်ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ဒီနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၂၄၇ ဦးရှိပါတယ်။ နောက်ထပ်ကလေးတွေ ထပ်ရောက်ဖို့လည်းရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရောရှိကြပါတယ်" ဟု ပြောသည်။



ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ် သင်ကြားပေးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း Online မှသင်ခန်းစာများကို လေ့လာနိုင်ရန်စီစဉ်ထားကြောင်း၊ ထို့ပြင် Education Channel များ၊ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel: Telegram ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။

ဖိုးနိုင်(မြဝတီ)

# မက်မန်းသီး၏ကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလပြည့်ခင်



### မက်မန်းသီး၏မူလအစ

မက်မန်းသီးနှင့်ပတ်သက်၍ ယခင်က မက်မန်းပေါင်းထုပ်များကိုသာ မြင်တတ်ကြသော်လည်း ယခုနောက်ပိုင်း လတ်ဆတ်ချိုအိပြီး အရသာကောင်းသော မက်မန်းအချိုသီးများလည်း ဈေးဆိုင်များတွင် တွေ့မြင်နေကြရပြီဖြစ်သည်။ မက်မန်းသီးကို အင်္ဂလိပ်လို Damson ဟုခေါ်ပြီး ပန်းပွင့်သောအပင်မျိုးစိတ်တစ်ခုဖြစ်သည်။ မက်မွန်ပင်၊ တရုတ်ဆီးသီးပင်၊ ချယ်ရီပင်များနှင့်အတူ Rosaceae မျိုးရင်းဖြစ်သော Prunus မျိုးစု၌ပါဝင်ပြီး ရုက္ခဗေဒအမည်မှာ Prunus Domestica ဖြစ်သည်။ မက်မန်းပင်သည် စိုစွတ်အေးမြသည့် ခဲသားမြေကိုနှစ်သက်ပြီး မူလပေါက်ရာဒေသမှာ ဥရောပတိုက်တောင်ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်းတို့ဖြစ်သော်လည်း ထိုမှတစ်ဆင့် အမေရိကတိုက်၊ အာရှတိုက်နှင့် ဥရောပအနောက်ပိုင်းတို့သို့ ပျံ့နှံ့သွားကြသည်။

မက်မန်းပင်သည် မြန်မာနိုင်ငံ၌ ပေ ၃၀၀၀ နှင့်အထက်မြင့်သော ကုန်းမြင့်များ၌သာ ပေါက်ရောက်သောကြောင့် ရှမ်းပြည်နယ်အတွင်းရှိ အောင်ပန်း၊ ကလော၊ နောင်ချိုနှင့် တောင်ကြီးမြို့တို့၏အနီးတစ်ဝိုက်၌ စိုက်ပျိုးဖြစ်ထွန်းကြောင်း တွေ့ရသည်။ အထူးသဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံးနေရာ၌ ၂၀၅ ပေရှိပြီး အမြင့်ဆုံးနေရာ၌ ၄၂၈၅ ပေရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပေါင်းစုံစိုက်ပျိုးဖြစ်ထွန်းသော ပြင်ဦးလွင်ဒေသ၌ မက်မန်းပင်ကို အများဆုံးစိုက်ပျိုးကြသည်။ မက်မန်းသီးကို မက်မန်းယို၊ တော်ဖီ၊ မက်မန်းချို၊ မက်မန်းချဉ်၊ မက်မန်းဝိုင်ပြုလုပ်ပြီး ပြည်တွင်းဈေးကွက်၌ ရောင်းချသည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် မလေးရှားနိုင်ငံသို့လည်း တင်ပို့ကြောင်း မက်မန်းလုပ်ငန်းရှင်များထံမှ သိရသည်။ မက်မန်းသီးကို အကြမ်းအားဖြင့် သီးစားမျိုးနှင့် ဆားရည်စိမ်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ မက်မန်းကုန်ကြမ်းကို ပြင်ဦးလွင်ရှိ အင်းထိပ်၊ ပန်းဥတောင်၊ ဆင်ဖြူအင်း၊ မျှော်တောကျေးရွာများအပြင် နောင်ချိုနှင့် တခြားမက်မန်းစိုက်တောင်သူများထံမှလည်း ဝယ်ယူရရှိနိုင်သည်။

### မက်မန်းပင်စိုက်ပျိုးမှုပုံစံ

မက်မန်းပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၅၀၀ တွင် ကောင်းမွန်စွာဖြစ်ထွန်းသောကြောင့် ပြင်ဦးလွင်ဒေသ၌ အများဆုံးစိုက်ပျိုးသည်။ မက်မန်းပင်ကို ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် စတင်စိုက်ပျိုးပြီး မေလနှင့်ဇွန်လတို့တွင် အသီးခူးဆွတ်နိုင်သည်။ မက်မန်းပင်သည် ချုံငယ်မျိုး သို့မဟုတ် အပင်ငယ်မျိုးဖြစ်ပြီး အကိုင်းအခက်အလက်အမြောက်အမြားထိုးထွက်သည်။ ပန်းပွင့်များသည် အဖြူနှင့်အစိမ်းနုနုအရောင်များဖြစ်ပြီး နွမ်းသွားသည့်အချိန်တွင် ပန်းရောင်နှင့်အနီရောင်သို့ ပြောင်းသွားတတ်သည်။ များသောအားဖြင့် ပန်းပွင့်များသည် အရွက်များမထွက်မီထွက်လာကြသည်။ မက်မန်းပင်သည် အပွင့်ပွင့်ခါနီးတစ်လခန့်အလိုတွင် တစ်ပင်လုံးအရွက်တစ်ရွက်မျှမကျန်အောင်ကြွေလေ့ရှိပြီး ထိုသို့ကြွေပြီးမှ အကိုင်းမှစပြီး အဖူးအပွင့်များဖူးပွင့်ခြင်းဖြစ်သည်။ အများအားဖြင့် မက်မန်းပွင့်များသည် ဖေဖော်ဝါရီလနှင့် မတ်လခန့်တွင် ပင်လုံးကျွတ်ကြွေကျပြီး ထိုအပွင့်များမကြွေမီတွင် မက်မန်းသီးကင်းများ ကိုင်းတစ်လျှောက်ထွက်လာကာ မက်မန်းသီးများကို ဇူလိုင်လခန့်တွင် ခူးဆွတ်လေ့ရှိသည်။

### မက်မန်းသီးပုံစံ

မက်မန်းသီးသည် အစေ့မာတစ်စေ့တည်းရှိသည့် အသီးမျိုးဖြစ်ပြီး ချယ်ရီသီးအရွယ်မှ ကြက်ဥအရွယ်ထိအောင် အရွယ်အမျိုးမျိုးနှင့် ပုံသဏ္ဌာန်အမျိုးမျိုးရှိသည်။ ပုံသဏ္ဌာန်အားဖြင့်လည်း တချို့သည် လုံးဝန်း၍ တချို့မှာ ကြက်ဥပုံသဏ္ဌာန်ရှိပြီး တချို့ကား ထိပ်ချွန်ခြင်း၊ ထိပ်လုံးကြီးခြင်း၊ ရှည်မျောမျောဖြစ်ခြင်းစသည့် ပုံစံမျိုးစုံရှိသော်လည်း အခွံသည်ပါး၍ အရောင်အားဖြင့် နီညိုရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အဖြူရောင်၊ ခရမ်းရောင်၊ အနီရောင်၊ အနီရင့်ရောင်၊ ပန်းရောင်ဟူ၍ အရောင်အမျိုးမျိုးရှိသည်။ မြန်မာနိုင်ငံ၌ အများစုမှာ မက်မန်းသီးဆိုလျှင် လုံးဝန်းသောအနီရောင်အသီးမျိုးကိုသာ သိကြသည်။ မက်မန်းသီးသည် အသားများ၍ အရည်ရွှမ်းသည်။ အလယ်ကောင်တွင် ပြား၍မာသောအစေ့ကြီးတစ်စေ့ရှိပြီး ထိုအစေ့ထဲတွင် မျိုးစေ့ရှိသည်။ မက်မန်းသီးသည် အလွန်အသုံးဝင်သော အသီးဖြစ်သည်။ ယင်းနှင့်အမျိုးတူ အသီးသုံးမျိုးတွင် အာဟာရဓာတ်အများဆုံးပါသောအသီးဖြစ်သည်။ တခြားအသီးများထက် သကြား ၂၀ ဒသမ ၁ ရာခိုင်နှုန်း ပို၍ပါကြောင်း တွေ့ရသည်။ တချို့ကို မသိုးစာ၊ ထောပတ်၊ ယိုများပြုလုပ်ရာ၌ အသုံးပြုကြပြီး တချို့ကို အခြောက်ပြုလုပ်၍ စည်သွတ်ကြသည်။

### မက်မန်းသီးတွင်ပါဝင်သော အာဟာရဓာတ်များ

မက်မန်းသီးသည် ကယ်လိုရီနည်းပါးပြီး အဆီပါဝင်မှုမရှိသည့်အတွက် ကျန်းမာရေးကိုအထောက်အကူဖြစ်စေသည့်အပြင် ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသည့်ပစ္စည်းများ (Antioxidants) နှင့် အာဟာရဓာတ်နှင့်သတ္တုဓာတ်များဖြစ်သည့် ဗီတာမင် C၊ ဗီတာမင် E၊ ဗီတာမင် K၊ Folate၊ Iron၊ Choline၊ Potassium၊ Magnesium၊ Phosphorus၊ Manganese၊ Zinc နှင့် Copper ဓာတ်များပါဝင်သဖြင့် တစ်နေ့တာလိုအပ်သည့်အာဟာရဓာတ်များကို ရရှိစေသည်။ ထို့ပြင် မက်မန်းသီးတွင်ပါသည့် ပိုတက်ဆီယမ်ဓာတ်ကလည်း သွေးကြောများကိုကျယ်စေနိုင်သည့် အာနိသင်ရှိသောကြောင့် နှလုံးကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ ဗီတာမင် C နှင့် Phytonutrients များ ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားကိုကောင်းစေပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို လျော့နည်းစေသည်။ ဗီတာမင်နှင့် သတ္တုဓာတ်ကြွယ်ဝသော မက်မန်းသီးမှရနိုင်သည့် ကျန်းမာရေးကောင်းကျိုးများကို ဆက်လက်ဖော်ပြပါမည်။

### အဆီကျစေပြီး နှလုံးကျန်းမာရေးကို ထောက်ကူပေးခြင်း

မက်မန်းသီးတွင်ပါဝင်သည့် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်ဓာတ်၊ ဗီတာမင် A၊ ဗီတာမင် C၊ ကယ်လ်စီယမ်ဓာတ်၊ သံဓာတ်၊ ပိုတက်ဆီယမ်ဓာတ်များကြောင့် မက်မန်းသီးပုံမှန်စားခြင်းဖြင့် ခန္ဓာကိုယ်တွင်းမှ အဆီဓာတ်များကို ထိန်းညှိပေးနိုင်ကာ မကောင်းသည့်ကိုလက်စထရောအဆီဓာတ်ကို ကျဆင်းစေနိုင်ပြီး နှလုံးကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ မက်မန်းသီးတွင် အဆီဆဲလ်များအပါအဝင် အဝလွန်ခြင်းနှင့် ရောင်ရမ်းမှုကို တားဆီးပေးသည့်အာနိသင်ရှိ Bioactive Compound များ၊ Flavonoids များပါဝင်သောကြောင့် ကိုလက်စထရောများခြင်း၊ ဆီးချိုသွေးချိုနှင့် နှလုံးသွေးကြောကျဉ်းရောဂါကဲ့သို့ အဝလွန်ခြင်းနှင့်ဆက်နွယ်နေသည့် ပြဿနာများမဖြစ်အောင် ကာကွယ်တားဆီးပေးနိုင်သည်။

### ဆီးချိုသွေးချိုထိန်းပေးခြင်း

မက်မန်းသီးသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည့်အာနိသင်ကြောင့် ဆီးချိုရောဂါအတွက် အထူးသင့်လျော်ပြီး အထောက်အကူပြုနိုင်သည်။ မက်မန်းသီးတွင်ပါဝင်သည့် Flavonoids များကြောင့် ဆီးချိုဝေဒနာရှင်များတွင် အဖြစ်များသည့် အင်ဆူလင်မတုံ့ပြန်နိုင်ခြင်းပြဿနာကို ကာကွယ်ပေးနိုင်သည်။

### အရိုးပွရောဂါကာကွယ်ပေးခြင်း

မက်မန်းသီးခြောက်ကိုစားသုံးခြင်းဖြင့် အရိုးကျန်းမာရေးအတွက်လည်း အထောက်အကူပြုနိုင်သည်။ မက်မန်းသီးခြောက်တွင် ပါဝင်သည့် Caffeic Acid နှင့် Rutin တို့ကဲ့သို့ Flavonoids များကြောင့် အရိုးတစ်သျှူးများ၌ ယိုယွင်းပျက်စီးခြင်းကို တားဆီးပေးပြီး အရိုးပွရောဂါကိုကာကွယ်ပေးသည်။ ထို့ပြင် မက်မန်းသီးခြောက်တွင်ပါဝင်သည့် ပိုတက်ဆီယမ်နှင့် Polyphenols က အရိုးထုထည်ကို အားဖြည့်ပေးသည်။ မဂ္ဂနီစီယမ်ဓာတ်၊ ဖော့စဖရက်ဓာတ်၊ ကော့ပါးဓာတ်၊ သံဓာတ်၊ ကယ်လ်စီယမ်ဓာတ်များ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အရိုးများကိုသန်မာကြံ့ခိုင်စေပြီး သွေးအားကောင်းစေသည်။

### အစာခြေစနစ်ကိုကောင်းစေခြင်း

မက်မန်းသီးသည် အမျှင်ဓာတ်ကြွယ်ဝသည့်အပြင် မက်မန်းသီးတွင်ပါဝင်သည့် Sorbitol နှင့် Isatin ဓာတ်များကြောင့် အစာခြေစနစ်ကို ကောင်းစွာအထောက်အကူပေးပြီး အစာမကြေခြင်းနှင့် ဝမ်းချုပ်ခြင်းကဲ့သို့ အစာခြေစနစ်ပြဿနာများကို ကုစားရာတွင် ထိရောက်မှုရှိသည်။

### ဦးနှောက်ဉာဏ်ရည်တိုးတက်စေခြင်း

မက်မန်းသီးဖျော်ရည်သောက်လျှင် အသက်အရွယ်ကြောင့်ဖြစ်ပွားသည့် မှတ်ဉာဏ်ယိုယွင်းမှုများကို ကာကွယ်ပေးနိုင်သည်ဟု သုတေသီများက တွေ့ရှိခဲ့သည်။ အကျိုးပြု Phytonutrients များကြောင့် လေ့လာသင်ယူနိုင်စွမ်းနှင့် မှတ်ဉာဏ်ကိုတိုးတက်စေသည်။ မက်မန်းသီးကို ပုံမှန်စားပေးခြင်းဖြင့် အယ်လ်ဇိုင်းမားနှင့် ပါကင်ဆန်ရောဂါကဲ့သို့ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါများကို ကာကွယ်နိုင်သည်။

### မက်မန်းသီး၏တခြားအကျိုးကျေးဇူးများ

တခြားအကျိုးကျေးဇူးများအနေဖြင့် အာရုံကြောစနစ်အတွက်ကောင်းခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ ကိုလက်စထရောကျစေခြင်း၊ သွေးအားကောင်းစေခြင်း၊ စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေခြင်း၊ နှလုံးကျန်းမာစေခြင်း၊ သွေးဖိအားကိုထိန်းပေးနိုင်ခြင်း၊ အဆုတ်နှင့်ခံတွင်းကင်ဆာဖြစ်ပွားမှုကိုလျော့ကျစေနိုင်ခြင်း၊ တုပ်ကွေးကိုကုသနိုင်ခြင်း၊ ကင်ဆာကာကွယ်နိုင်ခြင်း၊ သွေးအားနည်းရောဂါကိုကာကွယ်ပေးနိုင်ခြင်း၊ အသားအရေလှပစေခြင်း၊ အမြင်အာရုံကောင်းမွန်စေခြင်းနှင့် မျက်စိမှုန်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ ထို့ပြင် မက်မန်းသီးသည် ဓမ္မတာမမှန်ခြင်းကိုကုသရာတွင် ထိရောက်သည့်အာနိသင်ရှိသည်ဟုဆိုကြသကဲ့သို့ အူလမ်းကြောင်းထဲမှ အဆိပ်အတောက်များကို ဖယ်ရှားသန့်စင်နိုင်သည်ဟုလည်း သိရသည်။

### မက်မန်းသီးကိုဘယ်လိုစားမလဲ

မက်မန်းသီးကို သူ့အတိုင်းစားကြသကဲ့သို့ ဆားသို့မဟုတ် လျက်ဆားနှင့်လည်း တို့စားကြသည်။ တချို့က သုပ်စားခြင်း၊ မက်မန်းချိုပေါင်းလုပ်စားခြင်း၊ မက်မန်းတော်ဖီအနေဖြင့်လုပ်စားခြင်း၊ မက်မန်းယိုအနေဖြင့်စားခြင်းများလည်းရှိသည်။ ထို့ပြင် မက်မန်းဝိုင်လုပ်ပြီးသောက်ခြင်းများလည်းရှိသည်။

### ဆေးဖက်ဝင်မက်မန်းဝိုင်

မက်မန်းဝိုင်သည် သုံးစွဲတတ်လျှင် ဆေးကောင်းတစ်လက်ဖြစ်နိုင်သည်။ မက်မန်းသီးမှ ဗီတာမင် C ဓာတ်ကို များစွာထောက်ပံ့ပေးသကဲ့သို့ အစာချေဖျက်မှုကိုလည်း ကောင်းမွန်စေသည်။

**"မက်မန်းသီးသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည့်အာနိသင်ကြောင့် ဆီးချိုရောဂါအတွက် အထူးသင့်လျော်ပြီး အထောက်အကူပြုနိုင်သည်။ မက်မန်းသီးတွင်ပါဝင်သည့် Flavonoids များကြောင့် ဆီးချိုဝေဒနာရှင်များတွင် အဖြစ်များသည့် အင်ဆူလင်မတုံ့ပြန်နိုင်ခြင်းပြဿနာကို ကာကွယ်ပေးနိုင်သည် . . ."**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်



**နေပြည်တော် မေ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ဘားအံ၊ လပွတ္တာ၊ အောင်ပန်း) တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတို့ကိုမေလ ၅ ရက် နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပသည်။

ဘားအံမြို့ သင်တန်းကျောင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးကလည်းကောင်း၊ အောင်ပန်းမြို့သင်တန်းကျောင်း၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းကလည်းကောင်း၊ လပွတ္တာမြို့ သင်တန်းကျောင်း၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးကလည်းကောင်း အသီးသီးတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါဖွင့်လှစ်သည့် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းတို့ သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ဖြင့် သင်တန်းသား စုစုပေါင်း ၁၂၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းအား သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းကျောင်း၌ စာတွေ့သုံးလနှင့် ဟိုတယ်များတွင် လုပ်ငန်းခွင်သင်တန်း (On Job Training–OJT) ကာလ သုံးလကြာ သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ သင်တန်းကာလအတွင်း နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အလုပ်အကိုင်ရရှိရေး တစ်ဆက်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၇၇၅ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာအကူအညီဖြစ်စေရန် နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းပို့ချ

**နေပြည်တော် မေ ၆**

နေပြည်တော်အတွင်းလျှောင်ဘေးကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ရာစခန်းများရှိ ပြည်သူများအားလူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ အကူအညီဖြစ်စေရန် နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းကို မေလ ၅ ရက်တွင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဝန်ထမ်းများအား နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံး၌ ပို့ချသည်။

အဆိုပါ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းလုပ်ငန်းများကို ဆရာဝန်များ၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးလူမှုဆက်ဆံရေးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ယာယီရွှေ့ပြောင်းနေထိုင်ရာစခန်းများတွင် ဧပြီလ ၃၀ ရက်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ယာယီတည်းခိုရေးစခန်းရှိ အိမ်ထောင်စုများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာအခက်အခဲများကို နားထောင်ဆွေးနွေးပေးကာ အကူအညီဖြစ်စေရေးနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထို့နောက်လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီလိုအပ်သူများကို သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းပို့ချခြင်းကို မေလ ၁ ရက်နှင့် မေလ ၅ ရက်တို့တွင် ဆောင်ရွက်ပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြသူများက မိမိတို့အတွေ့အကြုံများကို ပြန်လည်မျှဝေပေးကြကြောင်း သိရသည်။

(၄၁၃)

# အုတ်တွင်းမြို့နယ်၌ နှမ်းစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**အုတ်တွင်း မေ ၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာကွင်းအမှတ်(၃၅၈-ခ) ဦးပိုင်အမှတ် (၃/၅) စိုက်ဧက ငါးဧကရှိ တောင်သူ ဦးတရုတ်ကြီး၏ စပါးသီးနှံမျိုး အောင်နိုင်တိုး(YSR-1) နွေစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို မေလ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ထိုသို့ နွေစပါးများရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၁၂၈ တင်း၊ အခြောက် ၁၂၀ ဒသမ ၃၂ တင်းနှုန်းထွက်ရှိသည်။

အဆိုပါအခမ်းအနားသို့ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်စိုးလွင်နှင့် ခရိုင်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများတက်ရောက်ကြောင်းသိရသည်။

(၄၁၀)

## ဆေးရောင်စုံ

❖ ပန်းချီအလှ၊ ဂုဏ်တင်သရာ
ပြခန်းတစ်ခွင်၊ လှည့်လည်စဉ်ဝယ်
ရှုမြင်ခံစား၊ အမှတ်ထားမိ
ထူးခြားလက်ရာ၊ ရှုခင်းသာ။

❖ အနီလက်ရာ၊ ရှုခင်းသာသည်
တောင်ပြာတန်းကြောင့်၊ လှသည်လော။
မြောင်သာစမ်းကြောင့်၊ လှသည်လော။
သောင်လွှာကမ်းကြောင့်၊ လှသည်လော။
ရောင်ဖြာပန်းကြောင့်၊ လှသည်လော။

❖ ရှုခင်းသာသည်၊ စိတ်မှာကြည်ဖွယ်
စေတီဖွေး၍၊ တင့်သည်လော။
နေခြည်နွေး၍၊ တင့်သည်လော။
လေပြည်သွေး၍၊ တင့်သည်လော။
ရေကြည်အေး၍၊ တင့်သည်လော။

❖ ပန်းချီဆေးနှင့်
ရေးသည့်ရှုခင်း၊ ကြည့်မြင်ရင်းက
ရင်တွင်းခံစား၊ သိမြတ်ပွားခဲ့
"အားလုံးပေါင်းစု၊ ပါဝင်မှု"ဖြင့်
အနုလက်ရာ၊ ပြိုင်ဘက်ကင်း။
လှလိုက်ပါဘိ၊ ဤရှုခင်း။ ။

(အမိ မြန်မာပြည်ထောင်စုသို့...)

**ချစ်စုအောင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

- ၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
- ၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
- ၃။ ၀၉:၀၀ ကျန်းမာသုတ
- ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
- ၅။ ၁၁:၀၀ မြဝတီရုပ်မြင် သံကြားသတင်း
- ၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
- ၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
- ၈။ ၁၅:၀၀ ဆောင်းပါးပေါ်မှစာစုများ
- ၉။ ၁၆:၀၀ နိုင်ငံတကာသတင်း
- ၁၀။ ၁၇:၀၀ သီချင်းလက်ဆောင်
- ၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
- ၁၃။ ၁၈:၄၀ Music Gallery
- ၁၄။ ၁၉:၀၀ The Unknown War အပိုင်း(၃)

# ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ



နေပြည်တော် မေ ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့မေလ ၆ ရက်နေ့တွင် ၃၇ ရက်မြောက်နေ့အဖြစ် ဈေးကားကိုးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ မေလ ၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ နေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်(ခုတင်-၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ပုဗ္ဗသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စုပေါင်းရုံးများ၊ တပ်မတော်စစ်ဆေးရုံ (ခုတင်-၁၀၀၀)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒက္ခိဏသီရိခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဇမ္ဗူသီရိဆေးရုံ၊ စည်ပင်သာယာရိပ်သာ(၁၊၂) တို့ရှိဝန်ထမ်းများနှင့် ပြည်သူများအား ဆန် ၆ ပြည်ပါ (မနော်သုခ-Export Quality) ၁၀၄၂၀ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၄၃ အိတ်၊ ဆီ ၃၉၈၉၀ ပိဿာ၊ ဆား ၁၅၅၄ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၇၇၉ ထုပ်၊ ငါးပိ ၃၁၇ ပိဿာ၊ အမဲသား ၃၂၅ ပိဿာ၊ ဆိတ်သား ၁၀၀ ပိဿာ၊ ကြက်သား(အမွှေးနုတ်ပြီး) ၄၅၀ ကောင်၊ ဝက်သား ၁၂၀ ပိဿာ၊ ကြက်ဥ ၁၈၇၄၀ လုံး၊ ဘဲဥ ၇၂၆၅ လုံး၊ ငုံးဥ ၂၀၀၀ လုံး၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံခြောက်များ၊ ငါးကြင်း ၉၀ ပိဿာ၊ ငါးတန် ၉၀ ပိဿာ၊ ငါးမုတ် ၇၀ ပိဿာ၊ ငါးမြစ်ချင်း ၁၀၀ ပိဿာ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့်မုန်ညင်းဖြူစသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် ၂၀၂၅ ခုနှစ် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၂၁ အိတ်၊ စားအုန်းဆီ ၅၀၀၃ ပိဿာ၊ ဆား ၈၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၄၁၈ ဘူး၊ ငါးပိ ၂၈ ပိဿာ၊ ကြက်သွန်နီ ၅၈၈ ပိဿာ၊ အသားတု ၃၁ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနော်သုခ) ၆၇၈ အိတ်၊ စားအုန်းဆီ ၆၈၂၀၀ ပိဿာ၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၆ ထုပ်၊ ငါးပိ ၂၃ ပိဿာ၊ ငါးနီတူခြောက်၊ အာပုံခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကိုရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

## ကမ္ဘာ့ကြက်ခြေနီနေ့
## World Red Cross Day

လူသားချင်းစာနာထောက်ထား
တို့ကြက်ခြေနီများ

On the side of
HUMANITY

၂၀၂၅ ခုနှစ်၊ မေလ (၈) ရက်

## ထူးခြားသည့် နေ့အပူချိန်များ

၆-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

➤ ကျောဖုံးမှအဆက်

မေလ ၅ ရက် ည ၇ နာရီ ၃၀ မိနစ်တွင် ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

ထိုသို့ရောက်ရှိလာသည့် ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့်အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း (၁၃)ပုံး၊ ၅၈၂၀ Kg ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes နှင့် ဒုတိယကောင်စစ်ဝန် Mr. Lincoln Sant Anna Siebra တို့ထံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွှဲပြောင်းလက်ခံကြသည်။ အဆိုပါရောက်ရှိလာသည့်ပစ္စည်းများကို ငလျင်ဒဏ်သင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၅-၂၀၂၅	ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၃၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၃၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျောင်းဖွင့်ကာလသင်တန်းများဖွင့်လှစ်နိုင်ရေး အချိန်မီဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မှာကြား

နေပြည်တော် မေ ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(စစ်ကိုင်း)သို့သွားရောက်၍ မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပင်မစာသင်ဆောင်၊ အလုပ်ရုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များတွင် ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းသတ်မှတ်ချက်သုံးမျိုးနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ကျောင်းဖွင့်ကာလ၌ သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများကို အချိန်မီဆောင်ရွက်ရေးလိုအပ်ကြောင်း၊ စာသင်ခန်းများ၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံများ၊ ကျောင်းသား၊ ကျောင်းသူဆောင်များနှင့် ဝန်ထမ်းအိမ်ရာများကိုလိုအပ်သော ပြုပြင်မှုများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးနိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့သို့ရောက်ရှိပြီး မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သွားရောက်ကာ ပင်မစာသင်ဆောင်တွင် ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများရှိပြုပြင်ရန်လိုအပ်မှု အခြေအနေများ၊ ICT အသုံးပြု၍ သင်ကြားသင်ယူမှုများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် Data Center ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ခန်း၊ လက်တွေ့ခန်းနှင့် ကွန်ပျူတာခန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီး၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ် (မန္တလေး) သို့ သွားရောက်ကာ နည်းပညာတက္ကသိုလ် (မန္တလေး)နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များရှိ ဒုတိယပါမောက္ခချုပ်များက ဖွန့်လဆန်းတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား၍ စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် Lab ခန်းများ အဆင်သင့်ဖြစ်စေနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ




# Modular (prefabricated) office ၁၀၈ လုံး ရောက်ရှိလာမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဦးမျိုးမြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှတစ်ဆင့် မီးရထားအတွဲ ၅၄ တွဲဖြင့် သယ်ဆောင်လာသည့် Modular (prefabricated) office ၁၀၈ လုံး ရွာတော်ဘူတာသို့ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် Modular (prefabricated) office များအား ကရိန်းများဖြင့် မော်တော်ယာဉ်များပေါ် စနစ်တကျတင်ဆောင်ပြီး ဝန်ကြီးဌာနရုံးများ၌ ယာယီရုံးအဆောက်အအုံများအဖြစ်အသုံးပြုနိုင်ရန် ဖြန့်ခွဲပို့ဆောင်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် သီလဝါဆိပ်ကမ်းမှတစ်ဆင့် မော်တော်ယာဉ် ၁၆ စီးဖြင့် သယ်ဆောင်လာသည့် ယာယီရုံးခန်းများ၌ အသုံးပြုမည့် ပရိဘောဂပစ္စည်းများ ပါဝင်သော ကွန်တိန်နာဘောက်များအား ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ရောက်ရှိလာသည့် Modular (prefabricated) office များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ၂၅ လုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ငါးလုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုံး ၃၀ နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၄၄ လုံး ဖြန့်ဝေနေရာချထားပေးခဲ့ပြီး ကျန်ရှိသည့် Modular office များနှင့် ရုံးသုံးပရိဘောဂပစ္စည်းများကို ဝန်ကြီးဌာနများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၆

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar(SSS) and Associated Studies လုပ်ငန်းများအား MV.HAI DUONG 86 ရေယာဉ်ဖြင့်ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Crab2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၄၀ ဒသမ ၆၉ စက္ကန့်အတွင်းတွင် ၂၀၂၅ ခုနှစ်၊ မေလ(၁၃)ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မေလ(၃၁)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar(SSS) and Associated Studies လုပ်ငန်းများအား MV.HAI DUONG 86 ရေယာဉ်ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၇-၅-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရေးဆိုတဲ့ခေါင်းစဉ်အောက်မှာ ထိုးကျွေးခံ PDF လူငယ်တွေရဲ့ဘဝ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မေလ၏အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | ဟားခါး | ၆-၅-၂၀၂၅ | ၆.၄ | ၄၃.၅ | ၄-၅-၂၀၂၅ | ၆.၅ | ၄၃.၇ | ၄၅ |

(မိုး/ဇလ)

# ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့်အားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၌ စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်းရှိ လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ရန်နိုင်ရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စု(၁)စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ခေါင်း၊ မျက်နှာသစ်တဘက်နှင့်ကော်ပုံး စုစုပေါင်း(၁၆)မျိုးတို့ကို ထောက်ပံ့ပေးဝေနေမှုများအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် နန်းဦးရပ်ကွက်ရှိ မရှိခဏစေတီနှင့် တကောင်းရပ်ကွက်ရှိ သစ္စာစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စု(၁)စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ခေါင်း၊ မျက်နှာသစ်တဘက်နှင့်ကော်ပုံး စုစုပေါင်း (၁၄)မျိုးတို့ထောက်ပံ့ပေးဝေနေမှုများကို ကြည့်ရှု၍ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဋာကောင်းမှုတော်စေတီတို့၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များ၊ အုတ်တံတိုင်းနံရံများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်နှင့် ပိုးတန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ၊ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်အန္တရာယ်ရှိအဆောက်အအုံများ၊ ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ငလျင်ဒဏ်သင့်အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့်ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးဦးစားပေးဆောင်ရွက်သွားရန်၊ ဖယ်ရှားရှင်းလင်းနေသည့်အဆောက်အအုံဝန်းကျင်ရှိ ကျန်အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန်၊ အများပြည်သူများ နေ့စဉ်သွားလာနေသည့် လမ်းများဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ၃၄ လမ်းမကြီးတစ်လျှောက်နှင့် ၇၃ လမ်းမကြီးတစ်လျှောက်ရှိ

**စာမျက်နှာ ၁၃ သို့ ●**

# ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလှူရှင်များက ၆ ကျပ်သားရွှေပြား ၅၂ ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၆၅၉ ချပ်လှူဒါန်း

ရန်ကုန် မေ ၆

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၉၄)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိဦးအောင်ဇေယျလင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စမ်းချောင်းမြို့နယ်နေနတ်သားပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တထံမှ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြသည်။

ယနေ့ကျင်းပသောအလှူငွေပေးအပ်ပွဲလှူဒါန်းပွဲတွင် ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ရွှေသင်္ကန်းတော်ရွှေပြား အလှူရှင် ၅၂၆ ဦးက ၆ ကျပ်သားရွှေပြား ၅၂ ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၆၅၉ ချပ် စုစုပေါင်းရွှေစင်ရွှေပြားအချပ် ၇၁၁ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၂၀၅ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၇၅၈၈၇၁၇၇၆၉ ကျပ်ဖြစ်ကြောင်းသိရသည်။

**ဝန်းရံ**



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၆

တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

● **စာမျက်နှာ ၁၂ မှအဆက်**

ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီးအဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ အများပြည်သူများအသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအားဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးမျက်ရှင်ကားဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ကားဂိတ်အဆောက်အအုံများအား အပြီးသတ်ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ရောက်ရှိကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား ကြည့်ရှုအားပေးပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ်တွေ့ရှိရသော ငွေကျပ်သိန်း (၈၃၀) နှင့် ရွှေ ၁၀ ကျပ်သားတုံး (၁၀) တုံး၊ တန်ဖိုးရှိ လက်ဝတ်ရတနာများနှင့် ဘဏ်စာအုပ်(၉)အုပ်တို့အား ပိုင်ရှင်ထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်နေမှုတို့အား ကြည့်ရှုကြပ်မတ်ဆောင်ရွက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပြီး သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျနေထိုင်နိုင်စေရေး၊ အမှိုက်များစွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအစားအလိုက်တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားသည်။ ထို့ပြင် အဆိုပါယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်နှင့် မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ၚင်းနောက် အမရပူရမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာလေစွအခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ကုက္ကိုရွာ)၊ ကြည့်မြင်တိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ / ကျောင်းသားများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် ကြည့်မြင်တိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ မင်းရပ်ရပ်ကွက်ရှိ ဆင်ဖြူတော်ဝပ်ကျောင်းတိုက်၌ စုကြီးရပ်ကွက်အန္တရာယ်ရှိ နယ်မြေမှ ပြောင်းရွှေ့သီတင်းသုံးနေတော်မူနေသော သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အများပြည်သူအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လျှောက်ထားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ထို့နောက် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်၊ ရေနားကျောင်းတိုက်ရှိ ဖြိုဖျက်ပြီးအဆောက်အအုံများအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် ကျောက်ဆည်မြို့၊ မင်းရပ်ရပ်ကွက်ရှိ စိုက်ပျိုးရေးသုတေသနခြံ၌ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှုအခြေအနေများသွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ခ်)တာစကေး ၈ အဆင့်အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ်အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့တင်ပြသွားနိုင်ကြောင်းမှာကြားခဲ့ပြီး တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ်ရှိ Royal-D အားဖြည့်အချိုရည်စက်ရုံသို့သွားရောက်၍ လုပ်ငန်းများပြန်လည်လည်ပတ်နေမှုအခြေအနေများနှင့် ရေဆိုးစနစ်စွန့်ပစ်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ KT အစာတောင့်စက်ရုံနှင့် ဗီဂါပလတ်စတစ်စက်ရုံများသို့သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်း၊ စက်ပစ္စည်းများချွတ်ယွင်းခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများရပ်တန့်ခဲ့ရာမှ ပြုပြင်ပြီးစီး၍ လုပ်ငန်းများပြန်လည်လည်ပတ်နေမှုအခြေအနေများအား သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပလတ်စတစ်အမှိုက်အန္တရာယ်ကင်းစင်ဖို့ သုံးစွဲမှုကိုလျှော့ကြစို့



မကြာသေးတဲ့နေ့ရက်တုန်းက သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ ပလတ်စတစ်နဲ့သက်ဆိုင်ပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးထဲက မြို့နယ်တစ်ခုမှာပါ။ မြို့နယ်တွင်းကပြည်သူတွေလိုက်နာဆောင်ရွက်မှုရှိစေဖို့ဖြစ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ပြည်သူတွေ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်တွေ လျှော့နည်းသုံးစွဲကြစေဖို့အတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေဘဲ ပလတ်စတစ်အစားထိုးပစ္စည်းတွေသုံးစွဲကြစေရေး လိုက်နာဆောင်ရွက်မှုရှိစေဖို့ အသိပညာပေးကြပ်မတ်စစ်ဆေးတာတွေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်းမှာ ဆောင်ရွက်တယ်ဆိုတဲ့သတင်းပါပဲ။ မှန်ကန်ပြီး လုပ်သင့်တဲ့ဆောင်ရွက်မှုတစ်ခုပါ။ ဒီလိုလုပ်ဆောင်ပေးတာဟာ မြို့နယ်တွင်းက ပြည်သူတွေအတွက် ကောင်းကျိုးများစွာဖြစ်စေပါတယ်။ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်းက ဈေးသွားဈေးလာသူတွေအတွက်သာမက မြို့နယ်တွင်းနေပြည်သူတွေကိုပါ ပလတ်စတစ်အိတ်သုံးစွဲမှုကနေ စွန့်ပစ်လိုက်တဲ့ပလတ်စတစ်အမှိုက်ဟာ အန္တရာယ်ကြီးမားလှတယ်ဆိုတာကိုပါ အသိပညာပေးနိုင်အောင် တိုးပြီးလုပ်ဆောင်သင့်ပါတယ်။

အကြောင်းကတော့ လက်ရှိအနေအထားမှာ ပလတ်စတစ်အမှိုက်အန္တရာယ်ဟာ ကြီးမားလွန်းနေတာကြောင့်ပါပဲ။ ရပ်ကွက်နဲ့မြို့နယ်အတွင်းက ထွက်ရှိတဲ့အမှိုက်တွေကိုကြည့်လိုက်ရင် အများစုက ပလတ်စတစ်အမှိုက်တွေဖြစ်နေတာကိုတွေ့ရမှာဖြစ်တယ်။ စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်ထားကြတာပါ။ အလွယ်သုံးပြီး ခပ်လွယ်လွယ် ကြုံသလိုဖြစ်သလို တွေ့တဲ့နေရာမှာစွန့်ပစ်ကြတာဖြစ်တယ်။

အအေးဘူး၊ ရေသန့်ဘူးအရွယ်စုံ၊ တစ်ခါသုံးကော်ဘူး(ဖော့ဘူး၊ ဖော့ခွက်) နဲ့ ပလတ်စတစ်အိတ်ခွံတွေ၊ ကြွပ်ကြွပ်အိတ်စုတ်တွေဖြစ်ပါတယ်။ အဲဒီပလတ်စတစ်အမှိုက်တွေဟာ စက္ကူ၊ သစ်ရွက်မှိုက်၊ သစ်၊ ဝါး စတဲ့အော်ဂဲနစ်ပစ္စည်းအမှိုက်တွေလို မြေကြီးမှာ ရောနှောမြေဩဇာဖြစ်သွားတာမျိုးမရှိဘူး။ ဆွေးမြည့်ကွယ်ပျောက်တာမျိုးလည်းမရှိဘဲ နှစ်ပေါင်းများစွာ မပျက်မစီးတည်မြဲနေပါတယ်။ ဒီလိုပလတ်စတစ်အမှိုက် စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်တာဟာ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တဖြည်းဖြည်း ယိုယွင်းပျက်စီးစေပါတယ်။

**ပလတ်စတစ်အမှိုက်(ကော်ဘူး၊ ဖော့ဘူး၊ ဖော့ခွက်၊ ပလတ်စတစ်အိတ်ခွံနဲ့ ကြွပ်ကြွပ်အိတ်ခွံ)တွေဟာ မြေကြီးထဲမှာ နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ ခန့်ကြာမှသာ ပျက်စီးနိုင်လို့ စိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ထိခိုက်မှုများစေပါတယ်။ မြေကြီးထဲကိုရောက်သွားတဲ့ကြွပ်ကြွပ်အိတ်တွေကြောင့် မြေဆီလွှာအတွင်းက အပင်မျိုးစေ့၊ သစ်စေ့တွေဟာ အညှောက်မထွက်နိုင်တော့ဘဲ သေကျေပျက်စီးသွားကြပါတယ်။ မီးရှို့ဖျက်ဆီးရင်လည်း ထွက်ရှိလာတဲ့ အီသိုင်းလင်းအောက်ဆိုဒ်နဲ့ ဒိုင်အောက်စင်တွေက လေထုညစ်ညမ်းမှုဖြစ်ပေါ်စေတယ်။ အဲဒီအငွေ့တွေကို ရှူရှိုက်မိရင် ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပါတယ်။**

ဒါဟာ မြေပြင်မှာပလတ်စတစ်အမှိုက်စည်းမဲ့ကမ်းမဲ့ မဆင်မခြင်စွန့်ပစ်တာကြောင့်ဖြစ်ပါတယ်။ မြေပြင်မှာစွန့်ပစ်တဲ့ပလတ်စတစ်အမှိုက်ရဲ့အန္တရာယ်က ကြီးမားသလို ချောင်း၊ မြောင်း၊ မြစ်နဲ့ပင်လယ်ရေပြင်တွေမှာ စွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်တွေရဲ့ အန္တရာယ်ကလည်း လျှော့တွက်ထားလို့မရတဲ့အနေအထားကို ရောက်နေတယ်လို့ ပြောနိုင်ပါတယ်။ ပလတ်စတစ်အမှိုက်တွေဟာ ချောင်းငယ်မြောင်းငယ်တွေကနေစပြီးမျောပါလာကာ မြစ်တွေဆီကိုရောက်တယ်၊ မြစ်တွေကနေ ပင်လယ်သမုဒ္ဒရာရေပြင်အထိ ရောက်သွားမှာဖြစ်ပါတယ်။

အခုဆိုရင် ပလတ်စတစ်အမှိုက်ထုကြီး တန်ချိန်သန်းနဲ့ချီပြီး ရေပြင်ထဲ ရောက်နေတယ်ဆိုတာကို မှတ်တမ်းတွေမှာ တွေ့ရတယ်။ အဲဒီပလတ်စတစ်အမှိုက်ထုကြီးက ပင်လယ်ငှက်တွေအပြင် ငါးတို့၊ လိပ်တို့လို ပင်လယ်မှာကျက်စားတဲ့သတ္တဝါမျိုးစိတ်ပေါင်း ၂၅၀ လောက်ကိုပါ ထိခိုက်စေပါတယ်။ ပိုဆိုးတာက သန္တာကျောက်တန်းတွေကိုပါ ပျက်စီးစေတာပါ။

ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်အမှိုက်တွေရောက်ရှိသွားတာကို ကမ္ဘာ့တစ်ဝန်းလုံးကနိုင်ငံတွေအနေနဲ့ ထိန်းချုပ်ဖို့လိုနေပြီလို့ ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သတိပေးထားပြီဖြစ်ပါတယ်။ မထိန်းချုပ်နိုင်ရင် ၂၀၅၀ ပြည့်နှစ်အရောက်မှာ ပင်လယ်သမုဒ္ဒရာနေ သတ္တဝါမျိုးစိတ်ပမာဏထက် ပလတ်စတစ်ပမာဏက ပိုများလိမ့်မယ်လို့ ထုတ်ဖော်ပြောဆိုကြပါတယ်။

ပလတ်စတစ်အမှိုက်တွေထဲက အန္တရာယ်ကြီးပြီး အဆိုးရွားဆုံးဖြစ်တဲ့ ကြွပ်ကြွပ်အိတ်နဲ့ပတ်သက်ပြီး အသုံးပြုတာကို ငြင်းပယ်ဖို့၊ လျှော့ချဖို့ အိတ်အဟောင်းတွေကိုပြန်ပြီးအသုံးပြုတာ၊ ကုန်ကြမ်းအဖြစ်သုံးပြီး အသစ်ပြန်လည်ထုတ်လုပ်တာ၊ ပြန်လည်အသုံးပြုနိုင်တဲ့နေရာကို ပြန်ပေးပို့တာတွေလုပ်ဆောင်ကြကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပါမယ်။

ပြီးခဲ့တဲ့ဆယ်စုနှစ် လေးခုခန့်လောက်တုန်းကဆိုရင် နိုင်ငံတွင်းက ဘယ်နေရာဘယ်ဒေသမှာဖြစ်ဖြစ် ပစ္စည်းဝယ်ယူရင် ပစ္စည်းအမျိုးအစားအလိုက် အသားစိမ်း၊ ငါးစိမ်း၊ အသီး၊ အရွက်တွေဆိုရင် အင်ဖက်၊ ဗာဒံရွက်၊ ဖက်တွေနဲ့၊ စားသောက်စရာတွေကို ဘူး၊ ချိုင့်စတာတွေ၊ ကျန်တဲ့အသုံးအဆောင်ပစ္စည်းတွေကို စက္ကူအိတ်၊ သတင်းစာစက္ကူ၊ ပလတ်စတစ်အိတ်ပျော့တွေနဲ့ပဲ ထုပ်ပိုးပေးခဲ့ကြတာပါ။ နောက်ပိုင်းမှသာ နည်းပညာတိုးတက်လာလို့ အရင်ကသုံးစွဲခဲ့တဲ့ ထုပ်ပိုးပစ္စည်းတွေ၊ အိတ်တွေထက် ပိုမိုခိုင်ခံ့ပြီး တာရှည်ခံတဲ့ ရောင်စုံကြွပ်ကြွပ်အိတ်တွေကို သုံးလာခဲ့ကြတာဖြစ်တယ်။

တွင်တွင်ကျယ်ကျယ်သုံးစွဲလာကြပြီး စွန့်ပစ်ကြတဲ့အခါမှာ တွေ့ရာနေရာတိုင်းမှာစည်းကမ်းမဲ့စွာပြုမူလာကြတယ်။ ပလတ်စတစ်အမှိုက်တွေနေရာတိုင်းမှာဖြစ်လာတယ်။ အဲဒီကနေ ပလတ်စတစ်အမှိုက်အန္တရာယ်ကြီးမားလာတာပါပဲ။ ဒီလိုပလတ်စတစ်အမှိုက် စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်တာကလည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တဖြည်းဖြည်းယိုယွင်းပျက်စီးလာတဲ့အကြောင်းရင်းတွေထဲက တစ်ခုဖြစ်လာလို့ ပလတ်စတစ်အမှိုက် (ကြွပ်ကြွပ်အိတ်အမှိုက်) ပြဿနာ ကမ္ဘာ့နိုင်ငံအားလုံးနဲ့သက်ဆိုင်လာခဲ့ရပါတယ်။

ကြွပ်ကြွပ်အိတ်ပြဿနာဟာ တစ်နေ့တခြားကြီးထွားလာတာကြောင့် ဘင်္ဂလားဒေ့ရှ်၊ အစ္စရေး၊ ကနေဒါ၊ ကင်ညာ၊ စင်ကာပူ စတဲ့နိုင်ငံတွေမှာ ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို တားမြစ်ထားတယ်လို့ သိရှိရပါတယ်။ တရုတ်နိုင်ငံရဲ့ ကုန်တိုက်ကြီးတွေမှာ ကြွပ်ကြွပ်အိတ်တွေ အခမဲ့ပေးတာကို တားမြစ်ပြီး သုံးစွဲမှုကို လျှော့ချလျက်ရှိပါတယ်။ အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိမြို့ မြို့တော်ကောင်စီက ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်ကစပြီး စတိုးဆိုင်ကြီးတွေမှာ ပလတ်စတစ်အိတ်သုံးစွဲမှုကိုတားမြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း ပလတ်စတစ်အိတ်အထူးသဖြင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို လျှော့ချနိုင်ဖို့အတွက် နည်းလမ်းကောင်းတွေ ရှာဖွေကာ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

ပလတ်စတစ်အမှိုက်ဖြစ်လာမယ့် ပလတ်စတစ်ထုတ်ကုန်တွေထုတ်လုပ်မှုကိုထိန်းချုပ်တာ၊ သုံးစွဲမှုတားမြစ်လျှော့ချတာ၊ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) များကို အသုံးပြုဖို့မလိုအပ်ရင် သုံးစွဲမှုကို ငြင်းပယ်(Reject)တာနဲ့ မဖြစ်မနေသုံးရရင်လည်း စနစ်တကျစွန့်ပစ်ဖို့၊ စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်တာမျိုးမလုပ်ကြဖို့ ပြည်သူများကိုအသိပညာပေးမှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။

ပြည်သူတွေ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်တွေ လျှော့နည်းသုံးစွဲကြစေဖို့အတွက် နည်းလမ်းကောင်းတွေ ပြောဆိုဟောပြောအသိပညာပေး ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုပြုတဲ့မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ လုပ်ဆောင်မှုမျိုးကို ဆောင်ရွက်နေတဲ့မြို့နယ်တွေလည်းရှိသလို ကျန်တဲ့မြို့နယ်တွေမှာလည်းလုပ်ဖို့လိုပါတယ်။

တစ်ပတ်တစ်ရက်ကနေ နှစ်ရက် ဒါမှမဟုတ်သုံးရက်အထိ ဆောင်ရွက်နိုင်အောင်ကြိုးစားကြရပါမယ်၊ ဦးဆောင်ဦးရွက်ပြုတဲ့အဖွဲ့အစည်းအပြင် လိုက်နာပြုကျင့်ရမယ့် မြို့နယ်တွင်းက ပြည်သူအားလုံး အသိတရားရှိရှိနဲ့ ဝိုင်းဝန်းပူးပေါင်းကူညီကြမယ်ဆိုရင် ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်တွေသုံးစွဲမှု မလျှော့နည်းသွားစရာမရှိပါဘူး။ အနည်းနဲ့အများသာကွာနိုင်ပါတယ်။ စွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်ရဲ့အန္တရာယ်ကြီးမားတယ်ဆိုတာကို အပတ်စဉ်တိုင်း အမြဲအသိပေးတာကိုတော့ ပုံမှန်လုပ်ဆောင်ပေးဖို့လိုပါတယ်။

ဝတ်ကျေတမ်းကျေတာဝန်ဝတ္တရားတစ်ခုကြောင့် ပြောဆိုဟောပြောအသိပညာပေး ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုပြုတာထက် စွန့်ပစ်တဲ့ပလတ်စတစ်အမှိုက်ရဲ့အန္တရာယ်ကြီးမားတယ်ဆိုတာကို ကိုယ်ကိုယ်တိုင်လည်း သိရှိနားလည်သဘောပေါက်ပြီး စည်းကမ်းတကျ သုံးစွဲစွန့်ပစ်မယ်ဆိုတဲ့ အသိစိတ်ဓာတ်ထားရှိ လိုက်နာကျင့်သုံးလုပ်ဆောင်ဖို့ လိုသလို အများပြည်သူကိုလည်းလိုက်နာဆောင်ရွက်ကြဖို့ စည်းရုံးပြောဆိုအသိပညာမျှဝေပေးကြရမှာဖြစ်ပါတယ်။

ကလေးကစလို့ လူကြီးတွေအထိပါ အသိပညာပေးဟောပြောစည်းရုံးကြရပါမယ်။ ကောင်းကျိုးထက်ဆိုးကျိုးတွေပိုဖြစ်လာနိုင်တဲ့အကြောင်းအရာတွေကို သိသာအောင်ရှင်းပြပေးရပါမယ်။ ပလတ်စတစ်အန္တရာယ်အကြောင်းကို တစ်ဦးနဲ့တစ်ဦးလက်ဆင့်ကမ်းပြီး အသိပေးပြောဆိုရှင်းပြပေးကြရပါမယ်။

နောက်ဆုံးပြည်သူအားလုံးပလတ်စတစ်အန္တရာယ်အကြောင်းကိုသိရှိနားလည်ပြီးပလတ်စတစ်ကုန်ပစ္စည်းတွေကိုစည်းကမ်းတကျအသုံးပြုကြမယ်၊ အသုံးပြုပြီးစွန့်ပစ်ရာမှာလည်း စနစ်တကျလုပ်ဆောင်ကြမယ်၊ ပလပ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) များကို အသုံးပြုဖို့မလိုအပ်ရင် သုံးစွဲမှုကို ငြင်းပယ် (Reject)ကြမယ်၊ မဖြစ်မနေသုံးရရင်တောင် အရေအတွက်လျှော့ပြီးသုံးကြမယ်ဆိုရင် ပလတ်စတစ်အမှိုက်ထွက်ရှိမှုလည်း နည်းသွားမယ် နည်းရာကနေ တဖြည်းဖြည်းကင်းစင်သွားမှာဖြစ်ပါတယ်။ ပလတ်စတစ်အမှိုက်အန္တရာယ်လည်းကင်းဝေးသွားဖို့ ရာနှုန်းပြည့် နီးနီးသေချာပါတယ်လို့ပြောလိုက်ပါရစေ။ ။

**ဝင်းထွန်းဦး**

# ငလျင်ဒဏ်ကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးမှုအခြေအနေ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေး

နေပြည်တော်   မေ   ၆

မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေးနည်းပညာအထောက်အကူပြုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြု ဆပ်ကော်မတီ၏အကြံပြုချက်မရမီ လိုအပ်သော ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်များကို ကြိုတင်ဝယ်ယူစုဆောင်းထားရန် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဘိလပ်မြေအိတ် ၁ သိန်း၊ အုတ် ၁ သိန်း၊ သဲကျင်း ၅၀၀၊ ကျောက်ကျင်း ၁၀၀၀ စသည်ဖြင့် ဝယ်ယူစုဆောင်းထားရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း၊ ဘိလပ်မြေအိတ် ၁ သိန်း စုဆောင်းထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေတိုဆောင်ရွက်မှုအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ကျောက်ပြားများ ၆၇၅၀၀ ခန့် ခွာယူခဲ့ပြီး ၂ ပေပတ်လည် ကျောက်ပြားအကောင်း ၂၂၆၀၀ ခန့် ရရှိကြောင်း၊ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးကြောင်း သိရှိရကြောင်း၊ အက်ကွဲသွားသည့် ၂ ပေပတ်လည် ကျောက်ပြားများကို ၁ ပေ ပတ်လည် ကျောက်ပြားများဖြင့် ပြန်လည်ဆယ်တင်အသုံးပြုနိုင်ရေး ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အက်ကွဲကြောင်းများအတွင်းသို့ မိုးရေဝင်ရောက်မှု မရှိစေရန် မိုးကာစများဖြင့် ဖုံးအုပ်ခြင်းလုပ်ငန်းကို ဧပြီလ ၂၈ ရက်တွင် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ရင်ပြင်တော်ပေါ်သို့တက်သည့် ဓာတ်လှေကားနှစ်စင်းသည် သက်တမ်းလွန်ဟောင်းနွမ်းနေပြီဖြစ်၍ အသုံးပြုခြင်းမပြုတော့သဖြင့် သစ်ဝယ်ယူခြင်း သို့မဟုတ် ပြုပြင်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်လှေကားများမှရင်ပြင်တော်ပေါ်သို့ သွားသည့်လျှောက်လမ်းများ နိမ့်ကျနေမှုကို Structure အင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသည်ဟုသိရှိရကြောင်း၊ စေတီတော်လိုဏ်အတွင်း မိုးရေများ စိမ့်ကျနေမှုနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်အရ စေတီတော်လိုဏ်အတွင်းရှိ ကွန်ကရစ်တိုင်များ ပျက်စီးခြင်းမရှိဘဲ မိုးရေယိုစိမ့်မှုကိုတားဆီးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် နည်းပညာဆိုင်ရာအထောက်အကူပြုကိစ္စရပ်များကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(၁) ဦးထွန်းထွန်းတို့က ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးမှုအခြေအနေ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပြုပြင်မွမ်းမံရေးနည်းပညာ အထောက်အကူပြုဆပ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က နည်းပညာဆိုင်ရာပြုပြင်မွမ်းမံရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံအထပ်မြင့်ကော်မတီ Geotechnical Engineer ဒေါက်တာယုမောင်က ရင်ပြင်တော်ကြံ့ခိုင်ရေး၊ ရင်ပြင်တော်အားနည်းသည့် နေရာများတွင် Grouting ပြုလုပ်မည့်အခြေအနေ၊ Soil Reinforcement ပြုလုပ်မည့်အခြေ အနေများကိုလည်းကောင်း၊ ဗိသုကာပညာရှင် ဒေါက်တာတိုးတိုးဝင်းက ဥပ္ပါတသန္တိစေတော်ကြီး၏ Structure Design ကို လည်းကောင်း Power point များဖြင့် အသီးသီးအသေးစိတ်ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လတ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၁)ဦးထွန်းထွန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ငလျင်ဘေးသင့်ဝန်ထမ်းများနေထိုင်ရေးအတွက် ဘာရှာများ ဆောက်လုပ်နေမှုအခြေအနေနှင့် Container House များထားရှိရန်နေရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော်   မေ   ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးနှောက်နှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ ကလေးရောဂါအထူးကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံများရှိ အုပ်ချုပ်မှုဆောင်၊ ဆေးကုသဆောင်၊ ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံများ၊ ဆေးစတိုများ၊ ခွဲစိတ်ခန်းများ၏ ငလျင်ဒဏ်ခံခဲ့ရမှုအခြေအနေများအပေါ် ပြန်လည်ပြုပြင်ရေးများဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံအဆင့်များအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြင်ဆင်နိုင်ရေး၊ ပြင်ဆင်ပြီးနောက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေး၊ လူနာများ ဆေးရုံလာပြသည့်အခါ အဆင်ပြေချောမွေ့စေရေးအတွက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆေးရုံအဝင်လမ်းများ၊ ဆေးရုံပတ်လမ်းများ၊ စကြံများအား အမြန်ဆုံးပြင်ဆင်နိုင်ရေးတို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်၊ ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်ရေး အခြေအနေများ အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးရန်၊ ငလျင်ဒဏ်ကြောင့်အိမ်ရာများထိခိုက်ခဲ့သည့် ဝန်ထမ်းများ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိစေရေးအတွက် ဘာရှာများ အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ရေး၊ Container House များ ရရှိပါက သက်ဆိုင်ရာ ဝန်ထမ်းများအား အမြန်ဆုံးနေရာချထားပေးနိုင်ရေးမှာကြားပြီး လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အမျိုးသားပရဆေးဥယျာဉ်နှင့်နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတို့တွင် ငလျင်ဘေးသင့် ဝန်ထမ်းများ နေထိုင်ရေးအတွက်ဘာရှာများ ဆောက်လုပ်နေမှုအခြေအနေနှင့် Container House များ ထားရှိရန် နေရာများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် မန္တလေးငလျင်ကြီးဘေးခံစားခဲ့ရသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန်အတွက် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ ငွေကျပ်သိန်းနှစ်ရာနှင့် Myanmar Japan Collaborative Project for People Development၊ ပါမောက္ခ Shigeru Okada က ငွေကျပ်သိန်းသုံးရာ့ငါးဆယ် လှူဒါန်းခြင်းကိုလည်းကောင်း၊ ယမန်နေ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ငွေကျပ်သိန်းငါးဆယ် လှူဒါန်းခြင်းကိုလည်းကောင်း လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# သစ်ခွဲသားများခွဲစိတ်ဆောင်ရွက်နေမှု၊ သစ်မျိုးအလိုက်၊ သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်စုပုံထားမှု၊ သစ်ခွဲသားများဖြန့်ဖြူးမှုအခြေအနေများကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၈၉) သစ်စက်သို့သွားရောက်၍ သစ်စက်အတွင်း သစ်ခွဲသားများခွဲစိတ်ဆောင်ရွက်နေမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်မျိုးအလိုက်၊ သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်ခြင်းကို စနစ်တကျ ဆောင်ရွက်သွားရန်၊ သစ်အလေအလွင့်အနည်းဆုံးနှင့် ခွဲသားထွက်ရာခိုင်နှုန်းအများဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် အုတ်တွင်းမြို့နယ်ရှိ အမှတ် (၈၈) သစ်စက်၊ ဥယျာဉ်တော်သို့သွားရောက်၍ သစ်စက်အတွင်းသစ်ခွဲသားများခွဲစိတ်ဆောင်ရွက်နေမှု၊ သစ်မျိုးအလိုက်၊ သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်စုပုံထားမှု၊ သစ်ခွဲသားများဖြန့်ဖြူးမှုနှင့် သစ်စက်လက်ကျန် ကျန်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့နယ်ရှိ ကံရိုးသစ်တောပျိုးဥယျာဉ်သို့သွားရောက်၍ သစ်မျိုး ၂၅ မျိုးဖြင့် အထူးပျိုးပင် ၁၅၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေနှင့်သစ်တောဝင်းအတွင်းသစ်မျိုး ၁၈ မျိုးဖြင့် သစ်မျိုးစုံစိုက်ခင်းဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဗောဓိကုန်းသစ်ဆိပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခဲ့ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သစ်ဆိပ်အတွင်း သစ်မျိုးအလိုက် သစ်လုံးလက်ကျန် ကျန်ရှိမှု၊ သစ်စက်များသို့ သစ်လုံးများပို့ဆောင်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သစ်ဆိပ်အတွင်း သစ်လုံးများရောက်ရှိစုပုံထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြဝတီ



# လာမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဇွန်လကျောင်းဖွင့်ချိန်အမီ စာသင်ဆောင်၊ စာသင်ခန်းများ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားကြရမည်

နေပြည်တော် မေ ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ လာမည့်ပညာသင်နှစ် ဇွန်လကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ယူနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ညောင်ပင်သာအခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝိုင်းဝန်းပံ့ပိုးကူညီကြသူများ၊ သင်ကြားပို့ချပေးသည့် ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးပေးခန်းမှ သူနာပြုဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဇွန်လကျောင်းဖွင့်ချိန်အမီ စာသင်ဆောင်၊ စာသင်ခန်းများ အဆင်သင့်ဖြစ်အောင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းမထိခိုက်စေရေးအတွက် ယာယီစာသင်ဆောင်နှင့်အသစ်ပြန်လည်တည်ဆောက်သည့် ကျောင်းအဆောက်အအုံလုပ်ငန်းများ အရည်အသွေးကိုဦးစားပေး၍ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေ၊ မီးရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်စင်ခန်းများဖြစ်စေရေးနှင့် ကျောင်းဥပစိရိပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာဆရာ၊ ဆရာမများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ တက္ကသိုလ်စာမေးပွဲပြန်လည်ဖြေဆိုရန်အတွက် ဘာသာရပ်ဆိုင်ရာသင်ကြားပေးမှုများကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ မိမိတို့ရည်မှန်းထားသည့်အနာဂတ်ဘဝသာယာလှပစေရေးအတွက် မိမိတို့၏ပညာရေးအဆင့်မြင့်မားအောင် ကြိုးစားအားထုတ်ခြင်းဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ၏ ပညာအရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

မြဝတီ

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ဝန်ထမ်းသားသမီးများအားလုံး ရာနှုန်းပြည့်ပြန်လည်ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးစနစ်တကျစီမံဆောင်ရွက်

နေပြည်တော် မေ ၆

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတက္ကသိုလ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် နိုင်ငံ့ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၅)စုဝေးဆောင်ခန်းမ၌ကျင်းပသည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများနှင့်တက္ကသိုလ်များမှ ဌာနတာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသားမိဘ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် မိမိတို့ ဝန်ထမ်းသားသမီးများ အားလုံး ရာနှုန်းပြည့် ပြန်လည်ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် မိဘများနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများက စနစ်တကျစီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ အထူးသဖြင့် သဘာဝဘေးကြောင့် ယာယီစောင့်ရှောက်ရေးစခန်းများတွင် နေထိုင်ရခြင်းနှင့် အခြားအခက်အခဲများရှိနိုင်မှုအပေါ် စိတ်ဖိစီးမှုမရှိစေဘဲ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ အောင်မြင်မှု မျှော်မှန်းချက်ပြည့်ဝစေရန် လိုအပ်သော စီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ ပံ့ပိုးကူညီမှုများ ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကာလတိုအတွင်း ပြန်လည်သင်ယူကျက်မှတ်ကြရမည့် မိမိတို့၏သားသမီးများ ကျန်းမာရွှင်လန်းစွာပညာသင်ယူနိုင်ရေးအတွက် အာဟာရပြည့်ဝစွာကျွေးမွေးစောင့်ရှောက်ပေးသွားကြရန်နှင့် ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူအားလုံး အထူးအခွင့်အရေးရရှိသည်ဟု သဘောထား၍ ပိုမိုကြိုးစားပြီး အဆင့်မြင့်မြင့်အောင်မြင်စေရန် စာမေးပွဲကာလအတွင်း မိဘများက အားသွန်ခွန်စိုက် ပံ့ပိုးသွားကြစေလိုကြောင်း၊ ဝန်ထမ်းငယ်များအနေဖြင့် လိုအပ်ချက်ရှိပါက သီးခြားတင်ပြ၍ အကူအညီတောင်းခံနိုင်ကြကြောင်း အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် နိုင်ငံ့ဝန်ထမ်းသားသမီး ၄၇၁ ဦးအတွက်ထောက်ပံ့ငွေ (၂၃၅၅၀၀၀၀/- ကျပ်နှစ်ရာသုံးဆယ့်ငါးသိန်းငါးသောင်း)ကိုပေးအပ်ရာကျောင်းသားမိဘကိုယ်စားလှယ်တစ်ဦးက လက်ခံရယူကြောင်း သိရသည်။

မြဝတီ

# ရုံးအဆောက်အအုံနှင့် ရုံးစာရွက်စာတမ်းများ၊ ရုံးသုံးပစ္စည်းများ လုံခြုံရေးအတွက် စနစ်တကျထိန်းသိမ်းထားရှိရေးမှာကြား



နေပြည်တော် မေ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုံမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းများအခြေအနေနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ရုံးအဆောက်အအုံနှင့် ရုံးစာရွက်စာတမ်းများ၊ ရုံးသုံးပစ္စည်းများလုံခြုံရေးအတွက် စနစ်တကျထိန်းသိမ်းထားရှိရေး၊ မီးဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိရေး၊ တာဝန်ကျဝန်ထမ်းများ စနစ်တကျတာဝန်ချထားရေးနှင့် ဝင်/ထွက်မှုမှတ်တမ်းများ ရေးသွင်းဆောင်ရွက်ရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေးမှာကြားကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါရုံးဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက်အတွက် လျှောက်ထားသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့် ပျောက်ဆုံး၊ ပျက်စီးလျှောက်ထားသူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးနေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လာရောက်ဆောင်ရွက်ကြသည့်ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများ မေးမြန်းဆွေးနွေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

**၆-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၆၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# လျှော်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများနေထိုင်ရန် ယာယီအဆောက်အအုံများ တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နေပြည်တော်ရှိ ဝန်ထမ်းများ ယာယီနေထိုင်ရန် ယာယီအဆောက်အအုံများတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် ၂၅ ဧကရှိ ဆည်မြောင်းနှင့်ရေသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနဝင်းအတွင်း အိမ်ထောင်သည် ၆၀ အတွက် နှစ်ခန်းတွဲ လိုင်းခန်းများတည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ နေပြည်တော်ကောင်စီရုံးလမ်းမပေါ်ရှိ ဆည်မြောင်းနှင့်ရေသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနပိုင်မြေနေရာတွင် ၃၆ ယောက်နေထိုင်နိုင်သည့် ယာယီအဆောက်အအုံ ခြောက်ဆောင်တည်ဆောက်နေမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနတွင် နေထိုင်ကြမည့် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ဆည်မြောင်းနှင့်ရေသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ်ဌာနခွဲမှ ဆောင်ရွက်နေသည့် ၆ လက်မရေတွင်းတူးဖော်နေမှုကိုလည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် စားရိပ်သာတွင် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ညစာပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ စက်မှုလယ်ယာသင်တန်းကျောင်းအတွင်း တည်ဆောက်နေသည့် လိုင်းခန်းများ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၂၅ ံc | / ၃၇ ံc |
| ရန်ကုန် | ၂၄ ံc | / ၃၆ ံc |
| မန္တလေး | ၂၆ ံc | / ၃၇ ံc |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Government of the Republic of the Union of Myanmar
## Office of the Commander-in-Chief of Defence Services
## Statement on Temporary Ceasefire
## (10th Waxing of Kason, 1387ME)
## 6th May 2025

1. The Tatmadaw has already declared a temporary cessation of military operations during the period from 2nd to 30th April 2025 with the aim of facilitating swift humanitarian and reconstruction operations in the areas affected by the powerful Mandalay earthquake that jolted on 28 March.

2. Currently, the state is intensively engaging in reconstruction of damaged government offices and departments, public residences and transport facilities and rehabilitation undertakings in the earthquake-affected areas, while the international community is rendering a helping hand.

3. In this regard, the Tatmadaw extends the temporary ceasefire period from 6 to 31 May 2025 in order to facilitate rehabilitation and reconstruction activities in earthquake-affected areas, to serve the interest of the entire nation and people with greater acceleration, to achieve genuine and long-lasting peace and in view of peace and stability.

4. During this period, all ethnic armed organizations and other armed groups are warned against disrupting and destroying public transportation and communication routes, endangering civilian lives and property, attacking security forces' bases that are enforcing the rule of law or military command headquarters and mobilizing or regrouping troops and expanding territories that may undermine peace. Any violation will prompt necessary defensive measures by the Tatmadaw to protect the people.

**Office of the Commander-in-Chief of Defence Services**

# Farmers plant more than 120,000 acres of summer paddy in Myaungmya Township

MYAUNGMYA May 6

In Myaungmya Township of Ayeyawady Region, a total of 120,252 acres of paddy have been cultivated during this year's winter cropping season, according to Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

A total of 113,115 acres of paddy were earmarked for cultivation, starting in the first week of November. As of today, a total of 120,252 acres have been successfully cultivated. The Agriculture Department, local administrative bodies, related departments, and local farmers have been working together to ensure systematic and smooth paddy cultivation.

"We have successfully cultivated 120,252 acres of summer paddy in Myaungmya Township. To achieve full and proper cultivation, we are collaborating with the Agriculture Department, administrative bodies, the Department of Land Management and Statistics, and other related organizations, along with local farmers. Since it is the rice-growing season, efforts



have been made to ensure an adequate water supply. This support has enabled successful cultivation. Moreover, training and technical assistance have been provided to improve productivity, and high-quality paddy varieties have been selected for cultivation. Farmers understand the importance of achieving high yields," said Daw Khin Htay Myint.

During this year's winter cropping season, farmers in Myaungmya Township have been cultivating different varieties of paddy, such as 90-day rice, Theehtetyin, Thai Baygya, and Hnitlakhwe. To ensure good yield and high-quality rice, as well as uniform production per acre and protection from pests, the Agriculture Department is continuing to work in collaboration with local farmers. **SK**

# Farmers harvest more than 1,800 acres of sunflower in Phaungpyin Township

PHAUNGPYIN May 6

According to statistics from the Mawlaik District Department of Agriculture, winter crop sunflower on 1,805 acres has been harvested in Phaungpyin Township, Sagaing Region.

During the winter crop season in Phaungpyin Township, a total of 2,407 acres of sunflowers were cultivated. The harvesting process began in January of this year, and as of today, 1,805 acres have been harvested, yielding an average of 29.20 baskets per acre.

"The winter crop season in Phaungpyin Township saw sunflower cultivation reaching up to 2,407 acres. Currently, the harvested fields are already completed, with 1,805 acres harvested so far. To reduce the import of palm oil, we are promoting the expansion of sunflower cultivation, as it is an oilseed crop. Compared to peanuts and sesame, sunflowers yield more oil per acre. That is why sunflowers are cultivated mainly in the winter season," said Daw Kywe Kywe Hlaing, the head of the Mawlaik District Department of Agriculture.

To expand sunflower cultivation in Phaungpyin Township, the Township Agriculture Department has intensified training programs to educate farmers and enhance the efficiency of both staff and farmers.

Additionally, plans have been made to support sunflower farmers by providing seeds, selling urea fertilizers at affordable prices, and distributing new sunflower varieties through farmer-to-farmer exchange systems. **SMK**

# Farmers reap more than 2,900 acres of sunflower in Kanbalu Township

KANBALU May 6

Farmers have harvested a total of 2,935 acres of sunflower in Kanbalu Township of Sagaing Region, according to the statistics of Kanbalu Township Agriculture Department.

In Kanbalu Township, during the winter crop cultivation season, sunflower crops were cultivated on up to 2,935 acres of croplands. The sunflower fields planted in the previous season were harvested starting in January this year, and as of today, the entire acreage has been fully harvested. The yield was recorded at 21.36 baskets per acre.



"The winter crop cultivation in Kanbalu Township included sunflower crops on 2,935 acres. Currently, all of these fields have been completely harvested. To reduce reliance on imported palm oil, efforts are being made to expand the cultivation of sunflower, an oil-producing crop. Sunflower yields more oil per acre compared to other oil crops like peanuts and sesame. This is why sunflowers are primarily cultivated in winter rather than in the rainy season," said U Myo Zaw, the head of the Kanbalu Township Department of Agriculture.

To expand sunflower cultivation in Kanbalu Township, the Township Department of Agriculture has been intensifying training programs. These programs aim to enhance the skills of both agricultural staff and farmers involved in sunflower cultivation.

Furthermore, support is being provided to farmers by ensuring the supply of quality seeds, off-ering fertilizers at affordable prices, and promoting a farmer-to-farmer seed exchange system for distributing high-yield sunflower varieties.

**SK**

# Farmers finish harvest of more than 6,000 acres of onions in Yinmabin District

YINMABIN May 6

Statistics of Yinmabin District Agriculture Department mentioned that a total of 6,468 acres of onions have been harvested in Yinmabin District of Sagaing Region.

In Yinmabin District, a total of 9,846 acres of onions were cultivated during the winter crop planting season. The harvesting process began in January of this year, and as of today, 6,468 acres have been harvested. The average yield per acre is reported to be 4,456.75 viss.

Daw Myat Moe Win, the head of the Yinmabin District Agriculture Department, stated, "A total of 9,846 acres of red onions were cultivated in Yinmabin District. The harvesting process is currently ongoing, and as of today, 6,468 acres have been harvested. The cultivation area exceeded the initial estimate, and year by year, the sown acreage of onions continues to expand. Efforts have also been made to connect farmers with good market opportunities to ensure favorable prices."

Regarding the harvesting status in different townships within Yinmabin District, Yinmabin Township has harvested 2,259 acres of onions, Kani Township 261 acres and Salingyi Township 3,948 acres, totalling 6,468 acres

The relevant township agriculture departments within Yinmabin District have been supporting onion farmers by facilitating market connections, providing techniques for long-term storage, promoting the adoption of GAP (Good Agricultural Practices) methods, and ensuring high-quality onion production.

It is reported that onion farmers invest approximately Ks-1.8 million per acre, with an average yield of 5,000 viss per acre.

In Sagaing Region, red onions are widely cultivated, with the major onion-producing townships being Monywa, Yinmabin, ChaungU, Shwebo, and Minmu.

**SK**

# 75,000 viss of Gutum fish sent by Kyaiklat to Yangon market



KYAIKLAT May 6

Daw Khin Khin Win, a seafood wholesale business owner from Kyaiklat Township, stated that a total of 75,000 viss of Gutum fish was transported and sold to the Yangon market from Kyaiklat Township of Ayeyawady Region.

75,000 viss of Gutum fish were transported and sold to the Yangon market.

"We are exporting Gutum fish from Kyaiklat Township to Yangon and other regions.We managed to sell up to 75,000 viss. Currently, the demand for locally sourced Gutum fish is high in the Yangon market. Prices depend on freshness, of course. With sales improving, both traders and workers are benefiting," said Daw Khin Khin Win.

Due to the steady demand for fish, including Gutum fish, and other aquatic products from Kyaiklat Township in the Yangon market, businesses such as truck rental services, fishermen, and labourers involved in transportation and handling are also experiencing stable job opportunities.

**SMK**

# Indaw Township completes harvest of kidney bean on more than 1,200 acres of croplands

INDAW May 6

According to records from the Indaw Township Agriculture Department in Sagaing Region, the harvest of 1,200 acres of kidney beans planted during the winter crop season has been completed.

In Indaw Township, a total of 3,430 acres of kidney beans were cultivated during the winter planting season. The harvesting process began in January this year, and as of today, 1,200 acres have been harvested, with an average yield of 16.58 baskets per acre.

"The kidney beans have been cultivated across 3,430 acres in Indaw Township, and the harvesting process is ongoing. So far, a total of 1,200 acres have been harvested. To ensure high yield and quality, we have collaborated with farmers by providing high-quality seeds, fertilizers, and post-harvest technology support," said U Thein Khine, the Head of the Indaw Township Agriculture Department.

To support large-scale kidney bean cultivation, improve yield, and promote farming under the Good Agricultural Practices (GAP) system, the Indaw Township Agriculture Department has been conducting educational programs for farmers.

Crops grown using the GAP system are of higher quality compared to those grown using conventional methods. This results in better market prices and increased opportunities for export, benefiting farmers by expanding their business potential in both domestic and international markets.

**SMK**

# 4th round of Iran-U.S. talks to be held in Oman on Sunday: Iranian media

TEHRAN May 6

The fourth round of Iran-U.S. talks will be held in the Omani capital Muscat on Sunday, Nour News affiliated with the Iran's Supreme National Security Council quoted an informed official as saying on Tuesday.

The upcoming negotiations will center directly on humanitarian issues and certain security concerns of Iran and the United States, Nour News said.

The delegations of Iran and the United States, headed by Iranian Foreign Minister Seyed Abbas Araghchi and U.S. Special Envoy to the Middle East Steve Witkoff, have so far held three rounds of Oman-mediated talks on Tehran's nuclear program and the removal of Washington's sanctions. The first and third rounds were held in the Omani capital Muscat on April 12 and April 26, and the second one in Rome on April 19.

The fourth round, which was originally scheduled for May 3 in Rome, was postponed due to what Oman described as "logistical reasons."

Speaking at a weekly press conference in the Iranian capital Tehran on Tuesday, Iran's government spokesperson Fatemeh Mohajerani said Iran's red lines in the "indirect talks" with the United States are "fixed and clear."

"We will only talk about the nuclear issue and are committed to maintaining the red lines we have repeatedly mentioned in the past," she was quoted by Iran's official news agency IRNA as saying.


Iran considers nuclear energy necessary for achieving its peaceful purposes and meeting its energy needs, Mohajerani said, stressing that having access to nuclear energy is among the Iranian people's rights.

Iran has announced and proved in practice its commitment to the process of diplomacy, she said, calling on the United States to prove its positions.

Iran signed the 2015 nuclear deal, formally known as the Joint Comprehensive Plan of Action (JCPOA), with six world powers -- Britain, China, France, Germany, Russia, and the United States. Under the deal, Tehran agreed to curb its nuclear program in exchange for sanctions relief.

The United States, led by President Donald Trump during his first term, unilaterally withdrew from the JCPOA in 2018 and reimposed sanctions, prompting Iran to gradually reduce compliance with its nuclear commitments. Efforts to revive the agreement have not achieved substantial progress. **Xinhua**

# Putin holds phone call with Netanyahu - Kremlin



MOSCOW May 6

The leaders exchanged warm congratulations on the occasion of the 80th Anniversary of Victory Day, the statement said, adding that Putin conveyed wishes for health and well-being to veterans living in Israel.

Russian President Vladimir Putin and Israeli Prime Minister Benjamin Netanyahu held a phone conversation, during which they discussed the situation in the Middle East and current issues of bilateral relations, the Kremlin said on Tuesday.

"During the conversation, various aspects of the situation in the Middle East and current issues of bilateral relations were discussed," the statement said.

Putin and Netanyahu noted the determination to uphold the truth about the events of World War II and to counter attempts to revise its outcome, the Kremlin said, adding that both leaders stressed the decisive contribution of the Soviet Union's Red Army and the entire Soviet people to the defeat of Nazism. **Sputnik**

# Britain, India agree trade deal

LONDON May 6

Britain and India have agreed a trade deal after years of on-and-off negotiations, according to a statement released by Downing Street on Tuesday.

Indian tariffs will be slashed, locking in reductions on 90 percent of tariff lines, with 85 percent of these becoming fully tariff-free within a decade, according to the statement.

Meanwhile, whisky and gin tariffs will be halved from 150 percent to 75 percent before reducing to 40 percent by year ten of the deal, while automotive tariffs will go from over 100 percent to 10 percent under a quota.

British Prime Minister Keir Starmer hailed the deal as a "landmark" in a post on social media X.

The deal is expected to increase bilateral trade by 25.5 billion pounds (34.12 billion U.S. dollars), and Britain's gross domestic product (GDP) by 4.8 billion pounds each year in the long run, according to the statement. (1 pound = 1.34 U.S. dollar) **Xinhua**

# 14 dead, many injured as strong winds, thunderstorms lash India's Gujarat

NEW DELHI May 6

At least 14 people were killed and many others injured after unseasonal thunderstorms accompanied by rains and gusty winds lashed India's western state of Gujarat, officials said Tuesday.

A total of 168 out of 253 sub-districts in the state received rain in the last 24 hours.

The officials said the deaths were caused due to uprooting of trees, the collapse of hoardings, electrocution, lightning and house collapses because of fierce winds.

Locals said fierce winds have damaged mango orchards and flattened horticulture farms in the affected districts.

The India Meteorological Department has warned that thunderstorms with lightning and winds of 50-60 kmph were likely to continue across many parts of Gujarat for the next few days.

**Xinhua**




# Trump orders halt to strikes on Yemen

WASHINGTON May 6

Washington will immediately halt air strikes on Yemen, US President Donald Trump announced on Tuesday. He made the announcement while speaking at the White House alongside Canadian Prime Minister Mark Carney.

The order comes after weeks of US-led attacks on Yemen targeting the Houthi militant group, which has "capitulated" and pledged to stop attacks on commercial maritime traffic in the region.


The US president said the Houthi group has told Washington it did not "want to fight anymore". "We will honor that and we will stop the bombings. They have capitulated," Trump stated.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Using AI to Help Others




Over the last 100 years, technological progress has been so rapid that modern life is incomparable to what it was 50, 30, or even 10 years ago.

The invention of computers 50 years ago already foreshadowed a rapid change to everyday life. Machine calculations, with machines capable of storing data and looking up different information through search engines, replaced the long hours that people spent completing calculations on their own. Like the invention of machine production during the Industrial Revolution, the invention of artificial intelligence, which performs calculations that take a lot of human effort and time, has simplified many tasks using algorithms. This has allowed technological development to move forward.

Over the past two years, the universal love for progress and new technologies has faded when neural networks that perform artistic work have appeared, generating images, audio, high-quality text-to-speech models, and neural network-writers. Such models are actually not new. For example, the first text-to-speech models were created back in the 90s. The problem is that now the models have improved tenfold, and have begun to be widely used for commercial purposes, correspondingly reducing the labor market in the artistic field. Understandably, this has caused a lot of dissatisfaction and led to job losses and various conflicts, because AI-generated materials are widely used in the commercial sphere. And although the issue is controversial, most agree that AI also does violate copyright unless it is trained on materials that are not protected by it. Finally, the most concerning aspect is the possibility of manipulation, falsification of materials, mass disinformation, and propaganda. The use of AI where manual human labor is impossible, difficult to access, wasteful, and pointless is quite normal.

On the other hand, completely abandoning AI means abandoning many of the opportunities that this technology offers. Personally, I believe that materials created by AI can be used as a reference, concept, or some kind of "push-off point" from which you can then create your own work manually. I used AI-generated text as a placeholder for my web design project, with no intention to use this option as a full commercial product, purely to visualize how text would look on the designed web page. I used ChatGPT to generate a text for a website dedicated to selling a product, some kind of pen manufacturing brand, because it was perceived better than the filler text, and it helped to better divide the website. For example, I generated a simple text to explain the advantages of the product instead of typing it by myself and wasting a lot of time on it.

Modern technologies give people access to all kinds of knowledge. Most people I know use AI or different search engines (e.g. Safari and Google) to look up the information they need. For example, large online databases can be used by students for finding information for projects, instead of spending a long time searching for it in books or libraries. I use the Internet for research every time I had to do a school project, because it is much faster and more convenient. It is also a well-known fact that the information on the web is being constantly updated, unlike printed materials.

My mother works as a scientist in the agricultural sphere (specifically with domestic animals, and every species has a different type of methodology to search for), so she has to dig into a lot of specific scientific information. However, she is not very good at dealing with technology, so I always have to help her with translating or searching for different topics. Last year I used AI to help my mother find specific information for her article. Instead of diving deep into old books or journals on this scientific topic, it was quicker for the machine to find the needed data. So I used the website GoogleScholar, which is not inherently an AI tool in itself, but definitely uses it to find and filter the specific information. This basic information helped my mother to go forward with her research, so she finished her work much quicker than was expected. This experience made me understand how useful the new technologies can be when digging for knowledge if they are used wisely.

I believe that we will never be able to get rid of AI, no matter how much we refuse to use it, because it will still be beneficial for some, and the majority will not want to give up progress. What we must do is to use it as a tool, but not as the "creator" itself, and use it conscientiously. There are already plenty of cases where AI has been used in scientific papers and competitions, which is against the rules, and it is the job of organizers and publishers to control the falsification and unwise use of AI.

Rapidly developing AI is something that society will have to face head-on, as well as all its consequences. Many companies that immediately began to reduce their labor market because of high-quality AI image generators returned to the old order after a few months, and there are also many companies that will not use AI on principle. In the end, machines will not replace existing artists, writers, photographers, and others, because this situation clearly reminds me of the moments in history when cameras and digital drawing first appeared. This did not lead to the disappearance of artists (or traditional artists/painters), but only pushed art itself toward progress: during the rise of photography, painters began to abandon academic realism, from which the avant-garde period emerged, which led to the art that we have now. I have always dreamt of being a concept artist, and the development of AI initially overwhelmed me, but after two years it has not stopped me from continuing to work in the direction that interests me.

New technologies are not something you need to run away from. They are something you need to adapt to and understand how to use to your advantage by helping others. **KS**

# The Second World War: Lessons to be Remembered

This year marks the 80th Anniversary of the Victory of the Soviet Union, predecessor state of the contemporary Russia, in the Great Patriotic War of 1941-1945. The Victory Day commemorated annually on May 9 has a profound significance for the people of the Russian Federation. The memory of war rests in our minds and hearts as both heroic and tragic chapter of national history. The price of the defeat of Nazi Germany and its European satellites in World War II was over 26 million of lives of Soviet soldiers and civilians who fought against the enemy that had become a threat to the entire humankind. No matter how many years have passed, May 9 will forever stand as the most important and precious day for the peoples of Russia – the day of victory, triumph of truth and fortitude.

The Soviet Union made a decisive and fundamental contribution to the ultimate destruction of the military might of the Hitler's regime and its European satellites. For the first three years of the Great Patriotic War the country stood against the Nazi Germany almost single-handedly while all of occupied Europe worked to support Wermacht's war machine. After Germany's surrender, the Soviet Union, true to its Allied commitments, fought war against the militaristic Japan that had inflicted numerous sufferings on the peoples of China, Korea and Southeast Asian countries.

We give credit to and honour servicemen of the allied armies, Resistance fighters, soldiers and partisans in China, all those who defeated Axis forces - Nazi Germany, Fascist Italy and Imperial Japan. The collective efforts paved the way to bringing World War II to an end on September 2, 1945. We will forever remember our joint struggle and the traditions of the alliance against the common adversary.

The Great Victory gave a tremendous boost to national independence movements and launched the process of decolonization. Military victories of the Soviet Army in the European battlefield, enfeebling the Axis, stimulated the formation of the Anti-Fascist People's Freedom League in Myanmar (then Burma) in 1944 that unified all patriotic forces in the movement aimed at liberation from the Japanese occupation despite the false "independence" of Myanmar proclaimed by Toyo on August 1, 1943. The mass uprising led by the Burma National Army in March 1945 made inevitable the withdrawal of the Japanese forces from the country and set in motion new political realities resulting in the eventual proclamation of the country's independence from the British colonial rule on 4 January 1948.

One of the most important outcomes of World War II was the setting up of the new architecture of international relations with the United Nations as its core. As the victorious power, Russia has made an immense contribution to the establishment and fine-tuning of the international organization that is going to celebrate its 80th Anniversary this year.



Moscow has rightly taken the permanent seat on the UN Security Council.

Russia fully acknowledges its historical responsibility for the Organization, which was designed to safeguard the world from the scourge of new world wars. The concept of our country's foreign policy gives priority to the restoration of the UN's role in the emerging multipolar world order with emphasis on the comprehensive development of its potential as the central coordinating mechanism ensuring the members' interests and collective decision-making. Towards this goal Russia has been working in close cooperation with the wide range of like-minded partners representing the Global Majority.

World War II ended eighty years ago, but we still hear its echo in ongoing major conflicts around the globe provoked by those who claim exceptionalism and superiority not unlike Das Dritte Reich (the 3rd Reich)'s Berlin. We witness concerted efforts to falsify historic facts about the causes and outcomes of World War II by powerful Western elites who camouflage their neocolonial policy in duplicity and lies. They fuel regional conflicts, inter-ethnic and inter-religious strife especially in order to isolate sovereign and independent centers of global development from one another in accordance with the Roman Empire dictum "Divide et Emperum".

Attempts to glorify Nazism have become evident in many parts of Europe. In the Baltic States and Ukraine the rehabilitation of local Nazi criminals and collaborators has become an integral part of the official policy with the European Union turning a blind eye to these vivid examples of political and moral degradation.

Even worse, a tacit approval and backing by the Western leaders of the ultra-nationalistic pro-Nazi forces in Ukraine have given the Kyiv regime a green light to commit numerous atrocities against its political opponents and ordinary citizens in the regions with predominantly Russian population. After the bloody coup d'etat in 2014 the Ukrainian regime unleashed a "punitive operation" in the Donbass region with barbaric shelling of cities claiming lives of thousands of civilians.

The Ukraine leadership opted for becoming a "battering ram" of NATO posing direct military threat to Russia, which made the conflict unavoidable. In his address to servicemen taking part in the Special military operation in Ukraine, Russian President Vladimir Putin said: "Today, as in the past, you are fighting for the security of our Motherland, its future, so that nobody forgets the lessons of World War II, so that there is no place in the world for torturers, death squads and Nazis".

In Asia and the Pacific the Japanese authorities who, to our chagrin, never repented from horrendous Imperial mistakes, have of late embarked on the path of re-militarization and alliance building under the pretext of the need to contain and confront China.

Despite all controversies in international relations, Russia has always advocated the establishment of an equal and indivisible security system, which is critically needed for the entire international community. Together with likeminded partners in the Shanghai Cooperation Organization and BRICS Russia has actively promoted the emergence of a new security architecture in Greater Eurasia and beyond. We are confident that the experience of solidarity and partnership in fighting the common threat during the WWII provides a foothold for moving towards a fairer world based on principals of equal opportunities for a free and self-determined development of all nations.

We take pride in the unconquered generation of the victors. As their successors we have the duty to remember the harsh lessons of World War II in order not to repeat them again and to preserve the memory of those who defeated Nazism. They entrusted us with being responsible and vigilant, and doing everything to thwart the horror of another global hot war.

**Mr. Iskander Azizov**
Ambassador of the Russian Federation
to the Republic of the Union of Myanmar

# အမြဲအမှတ်ရနေရမယ့် ဒုတိယကမ္ဘာစစ်ကပေးသော သင်ခန်းစာများ

**ဆောင်းပါးရှင်-Iskander Azizov**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး**

ဒီနှစ်က လက်ရှိရုရှားနိုင်ငံရဲ့ ယခင်ပြည်ထောင်စုကြီးဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အနှစ်(၈၀)ပြည့်အောင်ပွဲအထိမ်းအမှတ်နှစ်ဖြစ်ပါတယ်။ နှစ်စဉ်မေလ ၉ ရက်မှာကျင်းပလေ့ရှိတဲ့ အောင်ပွဲနေ့အခမ်းအနားက ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ပြည်သူများအတွက် အလွန်နက်ရှိုင်းလေးနက်ပြီး



အဓိပ္ပာယ်ရှိလှပါတယ်။ ဒီစစ်ပွဲကြီးရဲ့အမှတ်တရက နိုင်ငံရဲ့သမိုင်းကြောင်းမှာ ရဲစွမ်းသတ္တိရှိမှုနဲ့ ဝမ်းနည်းစရာကောင်းမှုဆိုတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် ကျွန်တော်တို့ရဲ့စိတ်ထဲ၊ နှလုံးသားထဲတည်ရှိနေပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီနဲ့ သူတို့ရဲ့ဥရောပအဆွယ်အပွားတွေကို ချေမှုန်းနိုင်ခဲ့တဲ့ ဒီစစ်ပွဲကြီးမှာ လူသားမျိုးနွယ်စုတစ်ခုလုံးကို ခြိမ်းခြောက်လာတဲ့ ရန်သူတွေကိုတိုက်ခိုက်ခြင်းဖြင့် အသက်ပေးလှူခဲ့ကြရသူ ဆိုဗီယက်စစ်သည်နဲ့ အရပ်သားစုစုပေါင်း ၂၆ သန်းကျော်ရှိပါတယ်။ နှစ်ကာလတွေမည်မျှပင်ကြာမြင့်လာသည်ဖြစ်စေ မေလ ၉ ရက်ကတော့ ရုရှားပြည်သူများအတွက် အောင်မြင်မှု၊ အမှန်တရားအတိုင်းအောင်နိုင်မှုနဲ့ ခံနိုင်ရည်ရှိမှု၊ လုံ့လတို့ကိုဖော်ကျူးနေတဲ့ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံးသောနေ့ရက်တစ်ရက်အဖြစ် ထာဝရတည်ရှိနေမှာပါ။

ဆိုဗီယက်ပြည်ထောင်စုက ဟစ်တလာရဲ့အစိုးရနဲ့ သူ့ဥရောပအဆွယ်အပွားတွေရဲ့ စစ်အင်အားကို အလုံးစုံပျက်သုဉ်းအောင် ချေမှုန်းနိုင်ဖို့အတွက် တိကျပြတ်သားပြီးအခြေခံကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တာဖြစ်ပါတယ်။ မဟာမျိုးချစ်စစ်ပွဲရဲ့ပထမသုံးနှစ်တာကာလအတွင်းမှာ ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီတို့ကို တစ်ကိုယ်တည်းကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရပြီး အဲဒီအချိန်တုန်းက သိမ်းပိုက်ခံထားရတဲ့ ဥရောပဒေသတစ်ခွင်လုံးဟာ နာဇီတပ်တော်ကြီးအတွက်သာ အလုပ်တွေလုပ်ခဲ့ရတာပါ။ ဂျာမနီတို့က လက်နက်ချအညံ့ခံသွားပြီးနောက် ဆိုဗီယက်ပြည်ထောင်စုက မဟာမိတ်များအပေါ်ပေးထားတဲ့ သူ့ရဲ့ကတိပြုမှုများကိုလိုက်နာတဲ့အနေနဲ့ စစ်သွေးစစ်မာန်တက်ကြွနေတဲ့ဂျပန်တို့ကိုလည်း တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်။ ဂျပန်တို့ရဲ့တိုက်ခိုက်မှုကြောင့် တရုတ်၊ ကိုရီးယားနဲ့ အရှေ့တောင်အာရှနိုင်ငံများဟာ ဘေးဒုက္ခပေါင်းများစွာသင့်ခဲ့ရတာပါ။

မိမိတို့အနေနဲ့ ဝင်ရိုးတန်းတပ်ဖွဲ့များဖြစ်တဲ့ နာဇီဂျာမနီ၊ ဖက်ဆစ်အီတလီနဲ့ ဂျပန်အင်ပါယာတို့ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တဲ့ မဟာမိတ်တပ်မတော်များ၊ ခုခံတိုက်ခိုက်ရေးသမားများ၊ တရုတ်နိုင်ငံမှ စစ်သည်များနဲ့ထောက်ခံသူများအားလုံးကို လေးစားဂုဏ်ယူလျက်ရှိပါတယ်။ ဒီလိုမျိုး စုပေါင်းစွမ်းအားတွေကြောင့်ပဲ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်မှာ ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးသတ်စေခဲ့တာပါ။ ဒါကြောင့် မိမိတို့က ဘုံရန်သူနဲ့ပတ်သက်ပြီး မိမိတို့ရဲ့ အတူတကွလက်တွဲလှုပ်ရှားမှုများနဲ့ မဟာမိတ်များရဲ့ အစဉ်အလာများကို ထာဝရအမှတ်ရနေမှာဖြစ်ပါတယ်။

မဟာအောင်ပွဲကြီးက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ကြီးမားစွာအားပေးမြှင့်တင်နိုင်ခဲ့ပြီး နယ်ချဲ့ကိုလိုနီ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းစဉ်ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့ပါတယ်။ ဥရောပစစ်မြေပြင်မှာ ဆိုဗီယက်တပ်တော်ကြီးရဲ့ စစ်ရေးအောင်မြင်မှုများက ဝင်ရိုးတန်းအင်အားစုနိုင်ငံများကိုချည့်နဲ့စေပြီး ၁၉၄၄ ခုနှစ်မှာ မြန်မာနိုင်ငံ (ယခင်ဗမာ) အတွင်း ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) တည်ထောင်မှုအတွက် အုတ်မြစ်ချစေနိုင်ခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ်ဆိုတာ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့တဲ့အတွက် ဂျပန်နိုင်ငံရဲ့အုပ်ချုပ်မှုအောက်ကနေလွတ်မြောက်ဖို့ ရည်မှန်းလုပ်ဆောင်တဲ့လှုပ်ရှားမှုမှာ မျိုးချစ်တပ်ဖွဲ့တွေကိုစုစည်းခဲ့တဲ့အဖွဲ့ကြီးဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လမှာ ဗမာ့အမျိုးသားတပ်မတော်ဦးဆောင်တဲ့ လူထုအုံကြွတော်လှန်မှုကြီးက မြန်မာနိုင်ငံအတွင်းကနေ ဂျပန်တပ်ဖွဲ့တွေကို မလွဲမသွေထွက်ခွာသွားစေပါတယ်။ အဲဒီနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်ကနေ လွတ်လပ်သောနိုင်ငံအဖြစ်ကြေညာနိုင်စေခဲ့တဲ့ နိုင်ငံရေးအရပကတိအခြေအနေအသစ်များဆီသို့လည်း ရွေ့လျားဆင်းသက်လာစေတာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးကနေထွက်ပေါ်လာတဲ့ အရေးအကြီးဆုံးသောရလဒ်များအနက် တစ်ခုမှာ ကုလသမဂ္ဂကိုမဏ္ဍိုင်ပြုတဲ့ နိုင်ငံတကာဆက်ဆံရေးပုံစံအသစ်ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ အောင်နိုင်သူအင်အားကြီးနိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံက ဒီနှစ်မှာပဲ နှစ်(၈၀)ပြည့်မြောက်မယ့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီးပေါ်ပေါက်လာဖို့နဲ့ ကောင်းစွာရပ်တည်နိုင်စေဖို့ ကြီးမားသောကူညီထောက်ပံ့မှုတွေပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နေရာတစ်ခုကို မှန်ကန်စွာရယူထားနိုင်တာဖြစ်ပါတယ်။

ရုရှားနိုင်ငံက နောက်ထပ်ကမ္ဘာစစ်ပွဲကြီးတွေဖြစ်ပွားစေမယ့်ကပ်ဆိုးကနေ ကမ္ဘာကြီးကိုဘေးကင်းအောင်ကာကွယ်နိုင်စေဖို့အတွက် ရည်ရွယ်ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးအတွက် သမိုင်းကြောင်းအရ ရယူရမယ့်တာဝန်ဝတ္တရားကို နားလည်သိရှိထားပါတယ်။ မိမိတို့ရုရှားနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒသဘောတရားက လက်ရှိထွန်းသစ်စဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းမှာ အဖွဲ့ဝင်နိုင်ငံများရဲ့အကျိုးစီးပွားနဲ့ စုပေါင်းဆုံးဖြတ်ချက်ချမှု ဗဟိုပူးပေါင်းဆောင်ရွက်မှုယန္တရားအဖြစ် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးအပေါ် ဦးစားပေးထားပါတယ်။ ဒီရည်မှန်းချက်ဆီဦးတည်သွားရာမှာ ရုရှားနိုင်ငံက တစ်ကမ္ဘာလုံးကို အများစုအဖြစ် ကိုယ်စားပြုတဲ့ စိတ်တူကိုယ်တူမိတ်ဖက်နိုင်ငံများနဲ့အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ မှာ ပြီးဆုံးခဲ့ပေမယ့်လည်း လက်ရှိ ကမ္ဘာတစ်ဝန်းမှာဖြစ်ပွားနေတဲ့ပဋိပက္ခကြီးတွေမှာ သူ့ရဲ့ပဲ့တင်ထပ်သံကို ကြားယောင်နေရဆဲဖြစ်ပါတယ်။ အဲဒီပဋိပက္ခတွေကိုဖန်တီးသူတွေက Das Dritte Reich ရဲ့ဘာလင်စာအုပ်ထဲမှာဖော်ပြထားသလိုမျိုး မတူကွဲပြားသောဝါဒနဲ့ သာလွန်မှုကိုကြိုက်နှစ်သက်ပါတယ်ဆိုသောသူများဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့မူဝါဒကို လိမ်လည်လှည့်စားမှုနဲ့ လှည့်ဖြားမှုတို့ဖြင့် ဖုံးကွယ်ထားတဲ့ အနောက်အုပ်စုအင်အားကြီးနိုင်ငံများကြောင့် ဒုတိယကမ္ဘာစစ်ဆိုတဲ့အကြောင်းရင်းများ၊ အကျိုးရလဒ်များနဲ့ပတ်သက်တဲ့ သမိုင်းအချက်အလက်အမှားတွေကို မိမိတို့အနေနဲ့သိမြင်ခဲ့ကြရပါတယ်။ သူတို့က မျိုးနွယ်စုများကြား၊ ဘာသာရေးအသိုက်အဝန်းများကြား ဒေသတွင်းပဋိပက္ခများဖြစ်ပွားအောင် မီးထိုးပေးခြင်းအားဖြင့် ရောမအင်ပါယာရဲ့အဆိုအမိန့်ဖြစ်တဲ့ "သွေးခွဲအုပ်ချုပ်" ဆိုတဲ့ဆိုရိုးစကားနဲ့အညီ တစ်ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်တွေကနေ အချုပ်အခြာအာဏာနဲ့ လွတ်လပ်သောနိုင်ငံများကို အခြားနိုင်ငံများနဲ့ ခွဲထုတ်ဖို့လုပ်ဆောင်လာတာဖြစ်ပါတယ်။

ဥရောပဒေသအနှံ့အပြားမှာ နာဇီဝါဒကိုအမွှမ်းတင်ဖို့ လုပ်ဆောင်တဲ့ကြိုးပမ်းမှုတွေကို ထင်ထင်ရှားရှားမြင်တွေ့လာရပါတယ်။ ဘောတစ်ဒေသနိုင်ငံများနဲ့ ယူကရိန်းနိုင်ငံတို့မှာ ပြည်တွင်း နာဇီရာဇဝတ်သမားများနဲ့ ကြံရာပါပူးပေါင်းဆောင်ရွက်သူများ ပြန်လည်နိုးထလာခြင်းဟာ ဥရောပသမဂ္ဂရဲ့တရားဝင်မူဝါဒနဲ့ အညီဆိုသလိုဖြစ်လာပြီး ဒါဟာ နိုင်ငံရေးနဲ့စိတ်ဓာတ်ရေးရာမှာနိမ့်ကျခြင်းတို့ရဲ့ ထင်သာမြင်သာရှိသော ဥပမာများကို မျက်စိစုံမှိတ်ထားသလိုဖြစ်နေပါတယ်။

ထိုသို့ဆိုးလာသည့်တိုင်အောင် ယူကရိန်းနိုင်ငံအတွင်းရှိ နာဇီကိုလိုလားတဲ့အစွန်းရောက်အမျိုးသားရေးအင်အားစုများကို အနောက်အုပ်စုမှခေါင်းဆောင်များက မသိမသာအတည်ပြုထောက်ခံပေးနေခြင်းကြောင့် ယူကရိန်းအစိုးရကိုယ်တိုင်က ရုရှားနိုင်ငံသားများအများဆုံး နေထိုင်လျက်ရှိတဲ့ဒေသများရှိ သာမန်ပြည်သူများနဲ့ နိုင်ငံရေးအတိုက်အခံအင်အားစုများအပေါ် ကြမ်းကြုတ်ရက်စက်မှုများစွာကျူးလွန်လာနိုင်တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာဖြစ်ပွားတဲ့ သွေးမြေကျ အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ယူကရိန်းအစိုးရက ဒွန်ဘက်ဒေသမှာဆိုးရွားပြင်းထန်လှတဲ့ စစ်ဆင်ရေးတစ်ရပ်ကိုဆင်နွှဲကာ မြို့ကြီးပြကြီးတွေမှာ မဆင်မခြင်ဗုံးကြဲတိုက်ခိုက်မှုများနဲ့အတူ အရပ်သားပြည်သူထောင်ပေါင်းများစွာရဲ့ အသက်ဇီဝိန်များကို ခြွေယူခဲ့ပါတယ်။

အခုဆိုရင် ယူကရိန်းခေါင်းဆောင်များက သူတို့ကိုယ်သူတို့ NATO တပ်ဖွဲ့အတွက် မြို့တံခါးဖျက်သစ်တုံးအဖြစ်ကိုရွေးချယ်ခဲ့တာကြောင့် ဒါဟာရုရှားနိုင်ငံအတွက် စစ်ရေးအရတိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်လာပါတယ်၊ ဒါကြောင့်လည်း ပဋိပက္ခက မလွဲမသွေဖြစ်လာရတာဖြစ်ပါတယ်။ ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းအထူးစစ်ဆင်ရေးဆင်နွှဲနေတဲ့စစ်သည်တွေကို မိန့်ခွန်းပြောကြားရာမှာ "ဒီကနေ့အချိန်အခါမှာ ရဲဘော်တို့က အတိတ်မှာဆိုရင်လည်း အမိမြေရဲ့လုံခြုံရေးနဲ့အနာဂတ်အတွက် တိုက်ပွဲဝင်ခဲ့ရသလို ဒုတိယကမ္ဘာစစ်ကြီးကပေးတဲ့ သင်ခန်းစာကိုလည်း ဘယ်သူမှမေ့ပျောက်လို့မရအောင် စွမ်းဆောင်ခဲ့ပြီး ကမ္ဘာကြီးမှာ နှိပ်စက်ညှဉ်းပန်းသူများ၊ လူသတ်သမားများနဲ့ နာဇီများအတွက် နေစရာနေရာမရှိအောင် ဆောင်ရွက်ခဲ့ကြပါတယ်" လို့ပြောကြားခဲ့တာရှိပါတယ်။

အာရှနဲ့ပစိဖိတ်ဒေသမှာဆိုရင် ဂျပန်အာဏာပိုင်များက အင်ပါယာစနစ်ဆိုးကြီးရဲ့အမှားများကို ဘယ်တုန်းကမှ နောင်တမရခဲ့ဘဲ တရုတ်နိုင်ငံကို ထိန်းချုပ်ရန်နဲ့ထိပ်တိုက်ရင်ဆိုင်ရန်လိုအပ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်ပုံပြုခြင်းလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းပြီး မဟာမိတ်ဖွဲ့စည်းတည်ထောင်မှုများကို လုပ်ဆောင်လာလျက်ရှိပါတယ်။

နိုင်ငံတကာဆက်ဆံရေးမှာ အငြင်းပွားမှုများစွာရှိသော်လည်း ရုရှားနိုင်ငံကတော့ တူညီမှုရှိပြီး ခွဲခြားလို့မရနိုင်တဲ့ လုံခြုံရေးစနစ်တည်ဆောက်မှုကိုသာ အမြဲတမ်းထောက်ခံအားပေးခဲ့ပါတယ်။ ဒီလုံခြုံရေးစနစ်ဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းကြီးတစ်ခုလုံးအတွက် မရှိမဖြစ်အရေးကြီးတဲ့စနစ်ဖြစ်ပါတယ်။ ရုရှားနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နဲ့ BRICS အဖွဲ့တို့မှာရှိတဲ့ စိတ်တူသဘောတူရှိသော မိတ်ဖက်နိုင်ငံများနဲ့အတူ မဟာယူရေးရှားဒေသနဲ့ နောက်ပိုင်းမှာ လုံခြုံရေးပုံစံအသစ်ထွက်ပေါ်လာရေးကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဘုံရန်သူကို တိုက်ခိုက်ရာမှာတွေ့ကြုံခဲ့ရတဲ့ စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံတို့အပေါ် ယုံကြည်မှုက နိုင်ငံအားလုံးရဲ့ လွတ်လပ်ပြီးကိုယ်ပိုင်သတ်မှတ်ချက်ရှိတဲ့ဖွံ့ဖြိုးတိုးတက်မှုတစ်ခုအတွက် တူညီသောအခွင့်အလမ်းမူဝါဒများအပေါ် အခြေခံတဲ့ မျှတမှုရှိသောကမ္ဘာကြီးဆီသို့ လျှောက်လှမ်းရာမှာ အခြေခိုင်စေမှာဖြစ်ပါတယ်။

မိမိတို့အနေဖြင့် အနိုင်မခံအရှုံးမပေးသော အောင်နိုင်သူမျိုးဆက်များအဖြစ် ဂုဏ်ယူဝင့်ကြွားရပါတယ်။ သူတို့ရဲ့အရိုက်အရာကိုဆက်ခံတဲ့ မိမိတို့အနေနဲ့ ဒုတိယကမ္ဘာစစ်မှကြမ်းတမ်းတဲ့သင်ခန်းစာများကိုမှတ်သားလေ့လာပြီး ဒီအမှားများကို နောက်တစ်ကြိမ်မကျူးလွန်စေဖို့နဲ့ နာဇီဝါဒကို အောင်နိုင်ခဲ့သူများရဲ့ အမှတ်တရများကိုဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် တာဝန်ရှိပါတယ်။ သူတို့က မိမိတို့ကို တာဝန်ဝတ္တရားနဲ့ နိုးကြားမှုရှိကာ နောက်ထပ်ကမ္ဘာစစ်ကြီးဖြစ်ပွားမှုကို ရှောင်လွှဲနိုင်ဖို့အတွက် အရာအားလုံးကိုလုပ်ဆောင်မယ့်သူများအဖြစ် ယုံကြည်ကိုးစားခဲ့ကြတာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဘာသာပြန်ဆိုသူ-ထက်မြတ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသား ၁၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၆

ထိုင်းနိုင်ငံအပါအဝင်အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ် (KK Park)၊ မဲ့ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်(တိုင်ပေ)နိုင်ငံသား ၅၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦး၊ သီရိလင်္ကာနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် ဆီရာလီယွန်နိုင်ငံသား ၅ ဦး စုစုပေါင်း ၁၂၈ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံရုံးမှ Ambassador Ms. E.A.S Wijayanthi Edirisinghe နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ ဆီရာလီယွန်သမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mr. Saffa-Woya Rogers နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအခြေစိုက် Taipei Economic & Cultural Office in Thailand မှ Deputy Director Mr. Asad Cheng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ ရွှေကုက္ကိုလ် (KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၄ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း၉၀၅၉ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၇၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

## တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်

နေပြည်တော် မေ ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**မေလ ၄ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁၀)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၂၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၈၃၇၉၈၇)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၅)စီး၊ Hino Profia Truck (၃)စီး၊ Isuzu Giga Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၈၃၇၉၈၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

**မေလ ၅ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးဘေး၊ ရပ်ကွက်(၄)ရှိ ကုန်လှောင်ရုံ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်၊ ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး၊ Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ (၀)မိုင်နှင့် (၂၆/၄)မိုင်ကြား၌ မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၄၂၇၁၄၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yu Tong Bus (၂)စီး၊ King Long Bus (၁)စီး၊ Kan Baw Za Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၄၂၇၁၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့၊ ရှောင်လမ်းဆုံ Brother ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၄၁၅၁၂၇)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရေးအကြောင်း သိကောင်းစရာ

**ဝင်းပပ(Horti)**



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထား၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကျေးလက်ဒေသများတွင် နေထိုင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသည်။ ထို့ကြောင့် စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။

ကြက်သွန်သည် မြန်မာ့စားသောက်ကုန်တွင် အရေးပါသော ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်ပြီး နေ့စဉ်ချက်ပြုတ်ရာတွင် အသုံးများသည်။ ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရေးသည် ကျေးလက်ဒေသများတွင် နေထိုင်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို ထောက်ပံ့ပေးသည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ကြက်သွန်စိုက်ပျိုးခြင်းသည် ရိုးရာဓလေ့တစ်ခုအဖြစ်ရှိနေပြီး ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးကို များစွာအထောက်အကူပြုသည်။ ကြက်သွန်စိုက်ပျိုးခြင်းဖြင့် ကျေးရွာများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။ ထို့ပြင် ကြက်သွန်သည် ကျန်းမာရေးအတွက် အထောက်အကူပြုသော ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သည်။ ဤဆောင်းပါးတွင် ကြက်သွန်စိုက်ပျိုးရေးနှင့်ပတ်သက်သော အဓိကအကြောင်းအရာများဖြစ်သည့် သီးနှံပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ နိုင်ငံတော်မှပံ့ပိုးမှုများ၊ ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်း၊ လူထုအကျိုးပြုမှုနှင့် စတင်စိုက်ပျိုးသည်မှ ရောင်းချသည်အထိ အဆင့်ဆင့်များကို စိုက်ပျိုးရေးဆိုင်ရာစကားပုံများ၊ စာဆိုများဖြင့် ရေးသားဖော်ပြသွားမည်ဖြစ်သည်။

**မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း**

မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးနေသောမျိုးများမှာ ရွှေဖလား၊ ဘောင်စောက်၊ သပိတ်လုံးနှင့် မင်းတုန်းဥမြွာမျိုးတို့ဖြစ်ပြီး အများဆုံးစိုက်ပျိုးသောမျိုးမှာ ရွှေဖလားမျိုးဖြစ်သည်။ **"မျိုးစေ့ကောင်းမှ အပင်ကောင်း၊ အပင်ကောင်းမှအသီးကောင်း"**ဟူသည့် အဆိုအရ ကြက်သွန်စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကိုရွေးချယ်အသုံးပြုခြင်းသည် အဓိကအရေးကြီးဆုံးအချက်တစ်ချက်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်ကိုအသုံးပြုခြင်းသည် ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကို ပိုမိုကောင်းမွန်စေသည်။ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို မိမိတို့ မြို့၊ ရွာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ယုံကြည်စိတ်ချရသော စိုက်ပျိုးရေးဦးစီးဌာနရုံးများမှ ဝယ်ယူသင့်သည်။ မျိုးစေ့များကို စိုက်ပျိုးမည့်မြေနှင့် ကိုက်ညီသောမျိုးကိုရွေးချယ်ရမည်။ မျိုးကောင်းမျိုးသန့်သည် ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး အပင်များကို ကျန်းမာသန်စွမ်းစေသည်။ မျိုးကောင်းမျိုးသန့်သည် အထွက်နှုန်းကောင်းမွန်စေပြီး စိုက်ပျိုးသူများအတွက် အကျိုးအမြတ်များစေသည်။ မျိုးကောင်းမျိုးသန့်သည် အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တွင် ဝယ်လိုအားမြင့်မားသည်။ မျိုးကောင်းမျိုးသန့် ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ မျိုးစေ့များကို စိုက်ပျိုးမည့်မြေနှင့်ကိုက်ညီသောမျိုးကို ရွေးချယ်ရမည်။ မျိုးစေ့များကို စိုက်ပျိုးမည့်ဒေသ၏ ရာသီဥတုနှင့်ကိုက်ညီသောမျိုးကို ရွေးချယ်ရမည်။ မျိုးစေ့များကို ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်ရမည်။ အထွက်နှုန်းကောင်းမွန်သောမျိုးကို ရွေးချယ်ရမည်။ မျိုးစေ့များကို စစ်ဆေးပြီး အရည်အသွေးကောင်းမွန်သောမျိုးကို ရွေးချယ်ရမည်။ မျိုးစေ့များကို သိုလှောင်ရာတွင် စိုထိုင်းဆနှင့် အပူချိန်ကို ထိန်းသိမ်းရမည်။ မျိုးကောင်းမျိုးသန့် ရွေးချယ်ရာတွင် သတိထားရမည့်အချက်များမှာ မျိုးစေ့များကို အလွန်အကျွံသုံးစွဲပါက အပင်ထွက်ရှိမှုများကို အန္တရာယ်ဖြစ်စေနိုင်သည်။ မျိုးစေ့များကို မှန်ကန်စွာသိုလှောင်ရန်မှာလည်း အဓိကကျသော အချက်တစ်ချက်ပင်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရေးကို ပိုမိုအောင်မြင်စေနိုင်သည်။

**ပျိုးထောင်ခြင်း**

ကြက်သွန်နီတစ်ဧကစိုက်ပျိုးရန်အတွက် ပျိုးခင်းသည် သုည ဒသမ ၀၅ ဧကအရွယ်ရှိရမည်။ မျိုးစေ့များကို ညီညာစွာကြဲပက်၍လည်းကောင်း၊ အတန်းလိုက်သော်လည်းကောင်းစိုက်ရမည်။ ပေါင်းလိုက်လွယ်ကူစေရန် အတန်းလိုက်စိုက်သင့်သည်။ စိုက်ပြီးသောမျိုးစေ့များကို နွားချေးမှုန့်ပါးပါးဖြူး၍ သဲကြမ်းဖြင့် ပြန်လည်ဖုံးအုပ်ပေးရမည်။ အောက်တိုဘာလမှ နိုဝင်ဘာလလယ်ထိ ပျိုးထောင်နိုင်သည်။ မျိုးစေ့များ အညှောက်ပေါက်ညီညာစေရန် ကောက်ရိုး၊ မြက်ခြောက်များဖြင့် ဖုံးအုပ်ပေးရမည်။ ၃x၁၈ ပေ ပေါင်အတွက် တစ်ဧကလျှင် မျိုးစေ့နို့ဆီဘူးတစ်ဘူး လိုအပ်သည်။ ပျိုးသက်တစ်လခန့်ရှိလျှင် ၃x၁၈ ပေ အရွယ် ပျိုးပေါင်တစ်ပေါင်လျှင် ယူရီးယားနို့ဆီဘူး နှစ်ဘူးထည့်ပေးရမည်။

**မြေပြုပြင်ခြင်း**

ကြက်သွန်စိုက်ပျိုးရာတွင် မြေပြုပြင်ခြင်းသည် အရေးကြီးသောအဆင့်တစ်ခုဖြစ်သည်။ အစိုဓာတ်ရှိသောမြေအမျိုးအစားများတွင် ကြက်သွန်ကိုစိုက်ပျိုးနိုင်သည်။ ကြက်သွန်သည် ရေသွင်းရေထုတ်ကောင်းသော မြေကိုနှစ်သက်သည်။ ကြက်သွန်စိုက်ပျိုးမည့်မြေကို ကောင်းစွာပြုပြင်ရန်လိုအပ်ပြီး မြေဆီလွှာကို သင့်လျော်သောမြေချဉ်ငန်ဓာတ်ပမာဏ ၆ မှ ၇ ဒသမ ၅ ရှိစေရန်ထိန်းသိမ်းရမည်။ စိုက်ပျိုးမြေကိုထွန်ယက်ပြီး သဘာဝမြေသြဇာများထည့်သွင်းပေးရမည်။ မြေပြုပြင်ခြင်းသည် စိုက်ပျိုးရေးတွင် အဓိကကျသောအဆင့်တစ်ခုဖြစ်သည်။ မြေပြုပြင်ခြင်းသည် မြေဆီလွှာ၏ ဖွဲ့စည်းပုံကို ကောင်းမွန်စေပြီး အပင်များ၏ကြီးထွားမှုကို အားပေးသည်။ မြေပြုပြင်ခြင်းသည် မြေဆီလွှာ၏ ရေထိန်းစွမ်းအားကိုမြှင့်တင်ပေးပြီး အာဟာရဓာတ်များကို ဖြည့်တင်းပေးသည်။ မြေပြုပြင်ခြင်းသည် မြေဆီလွှာ၏ ဖွဲ့စည်းပုံကို ကောင်းမွန်စေပြီး အပင်များ၏ အမြစ်ဖွံ့ဖြိုးမှုကို အားပေးသည်။ မြေဆီလွှာ၏ ရေထိန်းစွမ်းအားကို မြှင့်တင်ပေးပြီး အပင်များကို ရေရရှိစေသည်။ မြေဆီလွှာ၏ အာဟာရဓာတ်ကို ဖြည့်တင်းပေးပြီး အပင်များ၏ကြီးထွားမှုကို အားပေးသည်။ မြေကို ထွန်ယက်ခြင်း၊ မြေသြဇာထည့်သွင်းခြင်း၊ မြေဆီလွှာ၏ မြေချဉ်ငန်ဓာတ်ပမာဏကိုထိန်းသိမ်းခြင်းနှင့် ရေထုတ်စနစ်ကို ကောင်းမွန်စေခြင်း စသည့်အချက်များသည် အဓိကအရေးပါသောအချက်များဖြစ်သည်။ ထို့အတူ မြေပြုပြင်ခြင်းလုပ်ငန်းစဉ်များတွင် သတိထားရမည့်အချက်များစွာလည်းရှိသည်။ မြေကို အလွန်အကျွံ ထွန်ယက်ပါက မြေဆီလွှာ၏ဖွဲ့စည်းပုံကို ပျက်စီးစေနိုင်သည်။ မြေသြဇာများကို အလွန်အကျွံ ထည့်သွင်းပါက မြေဆီလွှာ၏ မြေချဉ်ငန်ဓာတ်ပမာဏကို မြင့်တက်စေနိုင်သည်။ မြေဆီလွှာ၏ မြေချဉ်ငန်ဓာတ်ပမာဏကို မထိန်းသိမ်းပါက အပင်များ၏ ကြီးထွားမှုကို ဟန့်တားစေနိုင်သည်။

**ကြက်သွန်စိုက်ပျိုးရာတွင် အကောင်းဆုံး မြေသြဇာနှုန်းထား**

ကြက်သွန်စိုက်ပျိုးရာတွင် မြေသြဇာသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ မြေသြဇာကို မှန်ကန်စွာ အသုံးပြုခြင်းဖြင့် ကြက်သွန်ပင်များ၏ ကြီးထွားမှုကိုအားပေးပြီး အထွက်နှုန်းကို မြှင့်တင်ပေးနိုင်သည်။ ကြက်သွန်စိုက်ပျိုးရာတွင် အော်ဂဲနစ်မြေသြဇာများဖြစ်သည့် နွားချေး၊ ကြက်ချေး၊ သဘာဝမြေသြဇာ(Compost)နှင့် ဓာတုမြေသြဇာများဖြစ်သည့် ယူရီးယား၊ တီစူပါ၊ ပိုတက်တို့ကိုအသုံးပြုနိုင်သည်။ မြေသြဇာနှုန်းထားအနေဖြင့် တီစူပါကို တစ်ဧကလျှင် ၅၀ ကီလိုဂရမ်၊ ပိုတက်ကို တစ်ဧကလျှင် ၅၀ ကီလိုဂရမ်၊ နွားချေး (သို့) ကြက်ချေးကို တစ်ဧကလျှင် ၂-၃ တန်၊ ယူရီးယားကို တစ်ဧကလျှင် ၅၀ ကီလိုဂရမ်နှုန်းထားဖြင့်စိုက်ပြီး ၂၀ ရက်သားတွင် ပထမအကြိမ်ထည့်သွင်း၍ ၄၀ ရက်သားတွင် ဒုတိယအကြိမ် ထည့်သွင်းပေးရမည်။ မြေသြဇာထည့်သွင်းရာတွင် မြေသြဇာများ အလွန်အကျွံထည့်သွင်းခြင်းကို ရှောင်ကြဉ်ရမည်။ မြေသြဇာများကို စနစ်တကျထည့်သွင်းပြီးနောက် ရေကိုလုံလောက်စွာပေးသွင်းရမည်။

**စိုက်ပျိုးရန်သင့်လျော်သောရာသီဥတု**

ရာသီဥတုသည် စိုက်ပျိုးရေးတွင် အရေးပါသော အချက်တစ်ခုဖြစ်သည်။ ရာသီဥတုသည် အပင်များ၏ ကြီးထွားမှုကို သက်ရောက်မှုရှိပြီး အထွက်နှုန်းကို များစွာအထောက်အကူပြုသည်။ ကြက်သွန်စိုက်ပျိုးရာတွင် ရာသီဥတုကို သတိပြုရမည်။ ရာသီဥတုသည် အပင်များ၏ ရောဂါဒဏ်ခံနိုင်ရည်ကိုမြှင့်တင်ပေးပြီး အပင်များကို ကျန်းမာသန်စွမ်းစေသည်။ ရာသီဥတုသည် အထွက်နှုန်းကို မြှင့်တင်ပေးပြီး စိုက်ပျိုးသူများအတွက် အကျိုးအမြတ်များစေသည်။

ရာသီဥတုအနေဖြင့် ကြက်သွန်သည် အပူအအေး သင့်တင့်သောရာသီဥတုကိုကြိုက်နှစ်သက်သည်။ အပင်ကြီးထွားချိန်တွင် ၂၀-၂၁ ဒီဂရီစင်တီဂရိတ်နှင့် ကြက်သွန်ဥဖြစ်ပေါ်ချိန်တွင် ၂၀-၂၇ ဒီဂရီစင်တီဂရိတ်နှင့် နေ့တာရှည်ရန်လိုအပ်သည်။ သာမန်အားဖြင့် အပူချိန်အသင့်အတင့်မြင့်ပြီး နေ့တာရှည်ပါက ကြက်သွန်ဥဖြစ်မှုကိုအားပေးသည်။ အပူချိန်သည် ပွင့်တံထွက်ခြင်းကို စိုးမိုးသည်။ ၁၀-၁၆ ဒီဂရီစင်တီဂရိတ်တွင် နေ့တာ ၉ နာရီမှ ၁၂ နာရီရရှိပါက ပန်းပွင့်၍ အစေ့တည်စေသည်။

**ပိုးမွှားနှင့်ရောဂါများ**

ကြက်သွန်စိုက်ပျိုးရာတွင် ပိုးမွှားနှင့်ရောဂါများသည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။ ပိုးမွှားနှင့်ရောဂါများသည် အပင်များ၏ကြီးထွားမှုကို ဟန့်တားနိုင်ပြီး အထွက်နှုန်းကိုလျော့ကျစေနိုင်သည်။ ထို့ကြောင့် ကြက်သွန်စိုက်ပျိုးရာတွင် ပိုးမွှားနှင့်ရောဂါများကို ကာကွယ်နှိမ်နင်းရန်လိုအပ်သည်။ ပိုးမွှားနှင့်ရောဂါများသည် အပင်များ၏ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အပင်များကို သေဆုံးစေနိုင်သည်။ ပိုးမွှားနှင့်ရောဂါများသည် အထွက်နှုန်းကိုလျော့ကျစေနိုင်ပြီး စိုက်ပျိုးသူများအတွက် အကျိုးအမြတ်ကို လျော့ကျစေနိုင်သည်။

ကြက်သွန်စိုက်ပျိုးရာတွင် ပိုးမွှားများ၏အန္တရာယ်ကိုလည်း သတိပြုရမည်။ ပိုးမွှားများသည် ကြက်သွန်ပင်များကို ဖျက်ဆီးနိုင်ပြီး အထွက်နှုန်းကို လျော့ကျစေနိုင်သည်။ ပိုးမွှားများကို ကာကွယ်ရန် သဘာဝနည်းလမ်းများဖြစ်သော တမာဆီ၊ မြေပဲဖတ် စသည့် သဘာဝပိုးသတ်ဆေးများကို အသုံးပြုနိုင်သည်။ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်သည်။

ကြက်သွန်စိုက်ခင်းတွင် ကျရောက်တတ်သော ရောဂါနှင့် ကာကွယ်နည်းများကိုလည်း ဗဟုသုတဖြစ်ဖွယ်ရေးသားလိုက်ရသည်။ ဒေါင်းနီးမှိုရောဂါသည် ကြက်သွန်စိုက်ပျိုးရာတွင် အဓိကကျရောက်လေ့ရှိသည်။ ကြက်သွန်ဒေါင်းနီးမှိုရောဂါ (Purple Blotch Disease) သည် မှိုကြောင့်ဖြစ်ပွားသော ရောဂါတစ်မျိုးဖြစ်သည်။ ဤရောဂါသည် ကြက်သွန်ရွက်များပေါ်တွင် ခရမ်းရောင်အစက်အပြောက်များ ပေါ်လာစေပြီး အရွက်များညှိုးနွမ်းခြောက်သွေ့ကာ အထွက်နှုန်းကို လျော့ကျစေနိုင်သည်။ ထို့ကြောင့် ဤရောဂါကို စောစီးစွာကာကွယ်ကုသရန် အရေးကြီးသည်။

ရောဂါဖြစ်ပွားစေသော အကြောင်းရင်းများမှာ စိုထိုင်းဆများခြင်း၊ မြေဆီလွှာ၏ အာဟာရဓာတ်ချို့တဲ့ခြင်းနှင့် ပိုးမွှားများမှကူးစက်မှုများကြောင့်ဖြစ်သည်။ ကာကွယ်နှိမ်နင်းနိုင်သောနည်းလမ်းများအနေဖြင့် ရောဂါဒဏ်ခံနိုင်သော မျိုးကောင်းမျိုးသန့်များကိုရွေးချယ်ခြင်း၊ ရောဂါဖြစ်နေသောအပင်များကိုဖယ်ရှားပြီး မီးရှို့ဖျက်ဆီးခြင်း၊ စိုက်ခင်းရှိ ပေါင်းမြက်များကို ရှင်းလင်းခြင်း၊ ရေသွင်းရေထုတ်စနစ်ကောင်းမွန်စေခြင်း၊ သီးလှည့်စိုက်ပျိုးခြင်းနှင့် မှိုသတ်ဆေးများဖြစ်သော မန်ကိုဇက်ဘ်(Mancozeb)နှင့် ကော့ပါးပါဝင်သောမှိုသတ်ဆေးများကို ဆေးညွှန်းပါညွှန်ကြားချက်များအတိုင်းလိုက်နာ၍အသုံးပြုရမည်။ သဘာဝနည်းလမ်းများအနေဖြင့် တမာဆီကို ရေဖြင့်ရောစပ်ပြီး အပင်များပေါ်တွင်ဖျန်းခြင်းသည် အထိရောက်ဆုံးဖြစ်သည်။ ကြက်သွန်စိုက်ခင်းတွင် ရောဂါတွေ့ရှိပါက ရောဂါဖြစ်နေသောအပင်များကို ချက်ချင်းဖယ်ရှားပေးရမည်။ "ကာကွယ်ခြင်းသည်ကုသခြင်းထက်ပိုကောင်းသည်"ဟူသောအဆိုအရ ရောဂါမဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ မျိုးကောင်းမျိုးသန့်များ

**စာမျက်နှာ ၂၆ သို့** ❑

❑ စာမျက်နှာ ၂၅ မှအဆက်

ရွေးချယ်ခြင်း၊ စိုက်ခင်းသန့်ရှင်းရေးနှင့် ရေသွင်းရေထုတ်စနစ်ကောင်းမွန်စေခြင်းတို့ကို ပုံမှန်လုပ်ဆောင်ပေးရမည်။

**တစ်ဧကအထွက်နှုန်းတိုးတက်ရေး**

ကြက်သွန်တစ်ဧကအထွက်နှုန်းတိုးတက်ရန် အထွက်နှုန်းကောင်းသောမျိုးကို ရွေးချယ်စိုက်ပျိုးခြင်း၊ သင့်လျော်သော မြေဩဇာများကို ထည့်သွင်းပေးခြင်း၊ ပုံမှန်ရေပေးသွင်းပေးခြင်း၊ ပိုးမွှားများကို စနစ်တကျကာကွယ်နှိမ်နင်းခြင်းများ ပြုလုပ်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍများတွင် အဘက်ဘက်မှ များစွာပံ့ပိုးလျက်ရှိသည်။ ကြက်သွန်စိုက်ပျိုးသူများအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ၊ မျိုးစေ့များ၊ မြေဩဇာများနှင့် ချေးငွေများကို ပံ့ပိုးပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို လေ့ကျင့်သင်ကြားပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။

**ဒေသတွင်း ရောင်းဝယ်ဖောက်ကားမှု အခြေအနေများ**

ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုသည် စိုက်ပျိုးရေးတွင် အရေးပါသော အချက်တစ်ခုဖြစ်သည်။ ကြက်သွန်သည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အဓိကစိုက်ပျိုးသော သီးနှံတစ်မျိုးဖြစ်ပြီး ဒေသတွင်းဈေးကွက်တွင် ဝယ်လိုအားမြင့်မားသည်။ ဈေးကွက်တွင် ကြက်သွန်အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းများကွာခြားမှုရှိသည်။ ကြက်သွန်စိုက်ပျိုးသူတောင်သူများအတွက် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို သိရှိထားရန် အရေးကြီးသည်။ ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုအခြေအနေများသည် စိုက်ပျိုးသူတောင်သူများ၏ အကျိုးအမြတ်ကို သက်ရောက်မှုရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုအောင်မြင်စေနိုင်သည်။ ဒေသတွင်းရောင်းဝယ်ဖောက်ကားမှု၏ အားသာချက်များမှာ ဝယ်လိုအားမြင့်မားခြင်း၊ ဈေးကွက်တည်ငြိမ်ခြင်းနှင့် ကျေးလက်ဒေသများတွင် နေထိုင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းစသည့်အကျိုးအမြတ်များစွာရရှိစေသည်။ ဒေသတွင်းဈေးကွက်တွင် ကြက်သွန်၏ဝယ်လိုအားနှင့် ဈေးနှုန်းများကို စုဆောင်းရမည်။ ဈေးကွက်လိုအပ်ချက်များကို သိရှိရန်လည်း လိုအပ်သည်။ ဈေးကွက်သတင်းအချက်အလက်များကို မစုဆောင်းနိုင်ခြင်း၊ ဈေးကွက်လိုအပ်ချက်များကိုမသိရှိခြင်းနှင့် ဈေးကွက်တွင် မရောင်းချနိုင်ခြင်းများသည် စိုက်ပျိုးသူတောင်သူများအတွက် အကျိုးအမြတ်ကို လျော့ကျစေနိုင်သည်။

ကြက်သွန်ကို ဒေသတွင်းဈေးများတွင် ရောင်းချနိုင်သလို နိုင်ငံခြားသို့လည်း တင်ပို့ရောင်းချနိုင်သည်။ ဈေးကွက်လိုအပ်ချက်များကို သိရှိနိုင်ရန် စိုက်ပျိုးသူများအနေဖြင့် ဈေးကွက်သတင်းအချက်အလက်များကို စနစ်တကျစုဆောင်းထားရန်လည်း လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သော ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များကိုလည်း လေ့လာခြင်းနှင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော သိလိုသည့်နည်းပညာများနှင့် အချက်အလက်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် Call Center သို့လည်း တိုက်ရိုက်မေးမြန်းနိုင်သည်။

**ပန်းတိုင်အထွက်နှုန်း**

**“ပန်းတိုင်မရှိလျှင် လမ်းပျောက်”** ဟူသည့်အဆိုအရ ကြက်သွန်စိုက်ပျိုးရာတွင် ပန်းတိုင် အထွက်နှုန်းကိုလည်း သတ်မှတ်ထားရန်လည်း လိုအပ်သည်။ ပန်းတိုင်အထွက်နှုန်းသည် စိုက်ပျိုးသူ၏ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအသုံးပြုမှုနှင့် မြေအမျိုးအစားပေါ်တွင် မူတည်သည်။ ပန်းတိုင်အထွက်နှုန်းကိုရရှိရန် စနစ်တကျစီမံခန့်ခွဲမှုများပြုလုပ်ရမည်။ ကြက်သွန်စိုက်ပျိုးရောင်းချခြင်းလုပ်ငန်းစဉ်များကို အဆင့်ဆင့် စနစ်တကျလုပ်ဆောင်ရမည်။ ကြက်သွန်စိုက်ပျိုးခြင်းသည် ကျေးလက်ဒေသများတွင် နေထိုင်သောလူများ၏ စားဝတ်နေရေးကို များစွာအထောက်အကူပြုသည်။ ကြက်သွန်စိုက်ပျိုးခြင်းဖြင့် ကျေးရွာများတွင် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်သည်။

ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရေးသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေပြုပြင်ခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် နိုင်ငံတော်မှ ပံ့ပိုးမှုများကို စနစ်တကျလုပ်ဆောင်ခြင်းဖြင့် ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရေးကို ပိုမိုအောင်မြင်စေနိုင်သည်။ ကျေးလက်ဒေသများတွင်နေထိုင်သူများ၏ စားဝတ်နေရေးကို များစွာအထောက်အကူပြုသော ကြက်သွန်စိုက်ပျိုးရေးသည် နောင်တွင်လည်း ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ။

# လူသုံးကုန်နှင့် စားသုံးကုန်မျိုးစုံများအား ရွှေလျားမော်တော်ယာဉ်ကြီးဖြင့် ရောင်းချပေးလျက်ရှိ



ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ နေပြည်တော်ရှိ လျှော်ဘေးသင့်ပြည်သူများအတွက် MSME ဒေသထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံအား မေလ ၅ ရက် နံနက်ပိုင်းမှစတင်၍ ရွှေ့လျားမော်တော်ယာဉ်ကြီးဖြင့် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း၌ လျှော်ဘေးသင့်နိုင်ငံ့ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီးမှထွက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) ဒေသထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နေပြည်တော်ရှိ လျှော်ဘေးသင့်ပြည်သူများအတွက် MSME ဒေသထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ စုစုပေါင်းအမယ် ၁၅၀ ကျော်အား သက်သာသောနှုန်းထားဖြင့် ဝန်ကြီးဌာနများ၊ ရပ်ကွက်များသို့ နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(၄၁၀)၊ (၄၀၁)၊ တင်စိုး(ပဲခူး)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မေ ၆

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗထူးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၈ သင်း၊ အမျိုးသမီးအသင်း ၈ သင်းတို့ဖြင့် ဧပြီလ ၂၈ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်ခါနန်တရုတ်နှစ်ခြင်းအသင်းတော်က မန္တလေးငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၆

